ကတညုတာ ဓတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်သာယာစက်မှုဇုန်စစ်ဆေး သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများအောင်မြင်စွာထူထောင်နိုင်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၁၇

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများကို ယမန်နေ့ညနေပိုင်းတွင် လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အားပေးမှာကြား ဖြည့်ဆည်းပေးသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၃ နာရီတွင် လှိုင်သာယာစက်မှုဇုန်(၄) ပြင်စည်မင်းသားကြီးလမ်းရှိ ရွှေထွန်းကုမ္ပဏီလီမိတက်သို့ရောက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် လှိုင်သာယာစက်မှုဇုန်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ✱

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်သာယာစက်မှုဇုန်(၁)ရှိ Reva Rubber & Eva Co., Ltd. ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာစက်မှုဇုန်စစ်ဆေး အရည်အသွေးမီကုန်ချောပစ္စည်းများ သုံးစွဲသူအကြိုက်ထုပ်ပိုးဖြန့်ဖြူးရန်မှာကြား

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရွှေပြည်သာစက်မှုဇုန်ရှိစက်ရုံ၊ အလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာစက်မှုဇုန်ရှိ ပျံလွှားဓာတ်ခဲစက်ရုံ၌ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၄)အကွက်အမှတ်(၆) ကင်းဝန်မင်းကြီးလမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ပျံလွှားဓာတ်ခဲစက်ရုံသို့ရောက်ရှိရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း (အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပျံလွှားဓာတ်ခဲစက်ရုံ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပျံလွှားဓာတ်ခဲစက်ရုံမှ ထုတ်လုပ်သည့် R.20.C. (D.Size) အရွယ်အစား ဓာတ်ခဲနှင့် R.6.C. (AA.Size) အရွယ်အစား ဓာတ်ခဲကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့် ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ***စာမျက်နှာ ၈ ကော်လံ ၄*** ❍

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်၊တိုင်း ဒေသအသီးသီးရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်၏ နယ်မြေဒေသအနှံ့အပြားသို့ လှည့်လည်သွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အဆင့်မြှင့်ပေးရမည်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသအသီးသီးသည် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးသီး၊ မိုင်းကိုင်၊ နမ့်စန်၊ ဆီဆိုင်၊ တောင်ကြီးနှင့် ညောင်ရွှေမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍-

“မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က နိုင်ငံ့ဝန်ထမ်းများ၏ မွန်မြတ်သော တာဝန်ဝတ္တရားများကို စေတနာနှင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူများက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရေး”

တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးသည် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ဌာနအသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထိုသို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသရှိ အချို့မြို့ကြီးများသည် မြို့ကြီးပြကြီးများကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာသည်ကို တွေ့ရသည်။

နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသဖြင့် တိုင်းရင်းသားအချင်းချင်းလည်း အထိအတွေ့များလာပြီး အပြန်အလှန် ရင်းနှီးနားလည်မှုပိုမိုကာ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားလာခဲ့သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တက်လှမ်းနိုင်ရန် နိုင်ငံတော်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ရရှိလာခြင်းဖြစ်သည်။

ရရှိထားသော အလားအလာကောင်း၊ အခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ အရှိန်အဟုန်မပျက် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်လက်တွဲ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“စိတ္တာနုပဿနာ သတိပဋ္ဌာန်”**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Sources of Law (ပထမနှစ်-ဥပဒေပညာ အထူးပြု)
- ၄း၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်”** (အပိုင်း-၇)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **“မဟာဂန္ဓာရုံမှ ဆရာတကာညီညွတ်စွာ”**
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း-၃၈)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျွမ်းကျင်မှုဆိုင်ရာဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သော သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကံဆင့်၊ JICA Study Team မှ အဖွဲ့ခေါင်းဆောင် Mr. Koseki တို့က မြစ်ဝကျွန်းပေါ်ဒေသ UTM စနစ် မြေပုံများရေးဆွဲခြင်း၊ ပထဝီဆိုင်ရာ သတင်းအချက်အလက်များ GIS Database တည်ဆောက်ခြင်းစသည့် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က လုပ်ငန်းများကို လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဂျပန်ပညာရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် အစည်းအဝေးခန်းမအတွင်း ပြသထားသည့် မြေပုံထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် မြေပုံများကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇူလိုင် ၈ ရက်က လသာမြို့နယ် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင် ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် အဖွဲ့ဝင်(၂) ဦးအောင်ကျော်ဦးနှင့် ရပ်ကွက် အဖွဲ့ဝင်(၁) ဦးမောင်နီ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းတာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသီဂီလမ်းရှိ ဆပ်သွားဖူးကျောင်း(မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်၂၇၆)တွင် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်မှ ၁၅ရက် (ဇူလိုင်)၂၅ရက်မှ ၃၁ရက်အထိ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နယ်လှည့်မွေကထိက ဆပ်သွားဖူးကျောင်းဆရာတော်ဦးပုညက ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသဆိုဆုံးမမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဇူလိုင် ၂၄ရက်ညနေ ဆပ်သွားဖူးကျောင်းတိုက်သို့ အရောက်လာကြရန်နှင့် ဖုန်း-၅၅၉၆၀၄သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းအား ဗီယက်နမ်နိုင်ငံအဖွဲ့တွေ့ဆုံ နှစ်နိုင်ငံလူမှုဝန်ထမ်းဆိုင်ရာကိစ္စရပ်များဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇

ဗီယက်နမ်အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သောအဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းအားတွေ့ဆုံပြီး နှစ်နိုင်ငံလူမှုဝန်ထမ်းဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဧည့်သည်ဗီယက်နမ်အဖွဲ့သည် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧည့်သည်ဗီယက်နမ်အဖွဲ့သည် ရက်ကန်းအလုပ်ရုံ၊ အရောင်းပြခန်းနှင့် လက်မှုရတနာအလုပ်ရုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကာဒသမအစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၇

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က ယနေ့ကျင်းပမည့် အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားပြီး ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစီရင်ခံစာအတည်ပြု

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သာသနာရေးဆိုင်ရာကိစ္စ၊ ဝိဝါဒါဓိကရဏ်းမှုခင်းကိစ္စ၊ ဝိနည်းဓမ္မကံကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ပြန်လည်လျှောက်ထား၍ အစီရင်ခံစာကို အတည်ပြုကြသည်။

ဆက်လက်၍ ပဋ္ဌမအကြိမ် ဒသမ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပင့်ဆောင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကာ ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အစည်းအဝေး ဒုတိယနေ့ (ယနေ့)တွင် အင်းယားကန်ဖျားကျောင်း၊ တောင်ပုလုကျောင်းတိုက်၌ ဦးစိန်ဝင်း-အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်မြင့်မြင့်ရီ ရွှေရည်ဝင်းကုမ္ပဏီမိသားစုက တစ်နေ့တာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်နှင့်လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မင်းဘူးခရိုင်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၇

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၁၈ ရက် **(ယနေ့)** နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲတွင် မင်းဘူးခရိုင်နွယ်ဖွား ဆရာတော် ဦးဃောသိက အမှူးပြုသော သံဃာတော် ၁၀ပါးတို့အား ပင့်ဖိတ်ကာ ငါးပါးသီလ ခံယူဆောက်တည်ကြမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ လယ်ကိုင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်များမှ ခရိုင်သူခရိုင်သားများ၊ အသင်းသား မိသားစုများ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်ငူမဟာစည်အေးရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

တောင်ငူမဟာစည်အေးရိပ်သာ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင်၃၁ရက် (ဒုတိယဝါဆိုလပြည့်)စနေနေ့ နံနက်တွင် တောင်ငူ ရန်ကုန်သာသနာပြုရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုဇာတဆရာတော်ကြီးအမှူးပြုသော ဝါဆိုတော်မူမည့် သံဃာတော်များအား အဆိုပါရိပ်သာ၌ ကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ရိပ်သာဝေယျာဝစ္စအဖွဲ့နှင့် ဖုန်း-၀၅၄-၂၃၄၆၁၊ ၀၅၄-၂၄၁၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး နှစ်စဉ် ဝါတွင်းသုံးလ(ရက်၉၀)သတိပဋ္ဌာန်ဝိပဿနာတရားစခန်းနှင့် ဝါတွင်းဥပုသ်နေ့တိုင်း အထူးတရားပွဲများ ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ကော်ဖီများ သတ်မှတ်ကာလအတွင်းစိုက်ပျိုး အခြားပို့ကုန်အမယ်(အမည်)သစ်များ စိုက်ပျိုးထုတ်လုပ်

ရန်ကုန် ဇူလိုင် ၁၇

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီစိုက်ပျိုးနေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ရက်က ပြင်ဦးလွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပွေးတောင်ကော်ဖီသုတေသနဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီဌာနခွဲ ညွှန်ကြားရေးမှူး ဦးသောင်းညွှန့်၊ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွှန့်၊ ပြင်ဦးလွင်မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးပါစည်၊ ပြင်ဦးလွင်ကော်ဖီဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ တက်ရောက်ကြသည်။

လမ်းညွှန်ထား

ညှိနှိုင်းဆွေးနွေးပွဲတွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ပို့ကုန်ကောက်ပဲသီးနှံများအပြင် အခြားပို့ကုန်အမယ်(အမည်)သစ်များ စိုက်ပျိုးထုတ်လုပ်ကြရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိရာ ကော်ဖီလည်း အပါအဝင်ဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲက ပြင်ဦးလွင်ဒေသတွင် ကော်ဖီဧကငါးသောင်းနှင့် နောင်ချိုဒေသတွင် ဧကငါးသောင်း ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း စိုက်ပျိုးသွားကြရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်း ပေးသွားမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။ **(ဝဲပုံ)**

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေက မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအနေဖြင့် ကော်ဖီမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးအတတ်ပညာများပေးခြင်း၊ စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးပေးခြင်း၊ ရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာနှင့် လောင်စာဆီများ အခါအားလျော်စွာ သက်သာသော ဈေးနှုန်းဖြင့်ရောင်းချပေးခြင်းများအပြင် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ငွေချေးရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း စသည်များကူညီဆောင်ရွက်ပေးနေပါကြောင်း ရှင်းလင်းပြောကြားသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်အနောက်ဘက် ဟာဒီသာတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ရဲစခန်း၊ ဘဏ်အဆောက်အအုံနှင့် ဆိုင်ခန်းများပျက်စီး

ဘဂ္ဂဒက် ဇူလိုင် ၁၅

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ဟာဒီသာတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး အခြားလူကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ၎င်းပေါက်ကွဲမှုသည် ရဲစခန်းအနီး၌ ပေါက်ကွဲခြင်းဖြစ်ပြီး မြို့တော်ခန်းမ၊ ဘဏ်အဆောက်အအုံနှင့် ဆိုင်ခန်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အီရတ်ဝန်ကြီးချုပ် အီယက်အာလာဝီအား အယ်ခိုင်ဒါ အဖွဲ့ဝင်၏ လုပ်ကြံခြင်းမှ မလွတ်မြောက်နိုင်ကြောင်း သတိပေးခြင်း ခံခဲ့ရသည်။

ဖော်ပြ

အယ်လ်ခိုင်ဒါအဖွဲ့နှင့် နီးစပ်သည့် အာလီအဘူမူဆတ် အယ်ဆာကာဝီ၏ သတိပေးချက်ကို ဇူလိုင် ၈ ရက်၌ ဖော်ပြခဲ့ကြောင်း သိရသည်။ ယခုအစောပိုင်း၌ အကြမ်းဖက်သမားများက ဘဂ္ဂဒက်ရှိ အာလာဝီ၏အိမ်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်မှုများကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သတ်ဖြတ်

အယ်လ်ကာဆာသည် အသေခံဗုံးခွဲမှုများနှင့် အခြားတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်းနှင့် ဘူလ်ဂေးရီးယား၊ အမေရိကန်နှင့် တောင်ကိုရီးယား ဓားစာခံတစ်ဦးစီအား အီရတ်နိုင်ငံတွင် သတ်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဘဂ္ဂဒက်မြို့ အနောက်ဘက် ဟာဒီသာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ရဲစခန်းကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ထောက်လှမ်းရေး အစီရင်ခံစာကြောင့်

တိုနီဘလဲအား ထပ်မံ၍ အကျပ်ရိုက်စေခဲ့

လန်ဒန် ဇူလိုင် ၁၅

အီရတ်စစ်ပွဲဆင်နွဲသည့် လန်ဒန်၏အမှုကိစ္စကို အပြစ်ရှာဖွယ်ရှိသော အစီရင်ခံစာတစ်ရပ်ကြောင့် အီရတ်နိုင်ငံနှင့် ပတ်သက်၍ ဝန်ကြီးချုပ်တိုနီဘလဲနှင့် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့များသည် ဗုဒ္ဓဟူးနေ့က ထပ်မံ၍ အကျပ်ရိုက်ခဲ့ကြရသည်။

အီရတ်လက်နက် ခြိမ်းခြောက်မှုအနေအထားကို ပုံကြီးချဲ့ကားမှုအတွက် အမေရိကန်ထောက်လှမ်းရေးအဖွဲ့အား အမေရိကန် အထက်လွှတ်တော်ကော်မတီက ပယ်ပယ်နယ်နယ် ပြစ်တစ်ရှုတ်ချခဲ့ပြီးနောက် ငါးရက်အကြာ၌ လော့ဒ်ဘတ္တလာ၏ အစီရင်ခံစာသည် ဗြိတိသျှထောက်လှမ်းရေးသူလျှိုအဖွဲ့များအား အလားတူ စေ့စေ့စပ်စပ် စစ်ဆေးစေမည့်ပုံရသည်။

အရေးကြီး

ဘတ္တလာ၏ အစီရင်ခံစာသည် ထောက်လှမ်းရေးသတင်း စုဆောင်းသူများကိုသာ အပြစ်တင်သည်ဖြစ်စေ၊ စစ်ပွဲတရားမျှတစေဖို့အတွက် ပြန်ကြားရေးသတင်းကို အသုံးချခဲ့ကြသော နိုင်ငံရေးသမားများကို ပြစ်တင်ရှုတ်ချထားသည်ဖြစ်စေ ဘလဲအတွက် နိုင်ငံရေး အနာဂတ်သည် အရေးကြီးသည်။

ကျဆင်း

ဘတ္တလာ၏ရှာဖွေတွေ့ရှိချက်များကို ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂ နာရီခွဲ၌ လူသိရှင်ကြား ထုတ်ပြန်မည်ဖြစ်သည်။ နောက်တစ်နာရီ၌ ပါလီမန်သို့ ဘလဲက တုံ့ပြန်ဖြေရှင်းဖို့ရှိသည်။ ဘလဲသည် မိတ်ဆွေဖြစ်သူ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကဲ့သို့ပင် အီရတ်နှင့်ပတ်သက်၍ သူ့အပေါ် လူထုကြိုက်နှစ်သက်မှုသည် ကျွမ်းထိုးမှောက်ခုံကျဆင်းခဲ့ရပြီး မကြာမီ၌လည်း ရွေးကောက်ပွဲနှင့် ရင်ဆိုင်ရဦးမည် ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဇူလိုင် ၁၆ ရက်အထိ အီရတ်၌သေဆုံးသော

အမေရိကန်တပ်ဖွဲ့ဝင် ၈၈၆ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက် ရှိကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၁၆ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၆ဦး ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၅၄ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၂မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၅၉ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၄၈ဦးဖြစ်ပြီး၊ ယင်းအနက် ၅၄၅ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၃ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အယ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတစ်ဦး လုံခြုံရေး စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေး အမိန့်စောင့်ဆိုင်းနေ

မနီလာ ဇူလိုင် ၁၆

ဖိလစ်ပိုင်အစိုးရက ပြန်ပေးဆွဲသူများ၏ တောင်းဆိုချက်ကိုပေးမည်ဖြစ်ကြောင်းနှင့် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့များကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး နောက်တစ်ရက်၌ ဖိလစ်ပိုင်အစိုးရသည် အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ဖိလစ်ပိုင်လူမျိုး အရပ်သားတစ်ဦး၏ ကံကြမ္မာ သတင်းနှင့်ပတ်သက်၍ ကြာသပတေးနေ့က စောင့်ခဲ့သည်။

သို့သော် ပြောင်းရွှေ့ရေးအတွက် စီ-၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းကို လေတပ်က အသင့်ထားရှိရာမှ ဖယ်ရှားခဲ့ရာ တပ်ဖွဲ့ဝင်များကို အမှန်တကယ်ရုပ်သိမ်းမည်၊ မရုပ်သိမ်းမည်ဆိုသည်နှင့်ပတ်သက်၍ ရှုပ်ထွေးမြဲရှိသည်။

တပ်ဖွဲ့ဝင်များအား ရုပ်သိမ်းရမည့် အမိန့်တစ်စုံတစ်ရာမျှ မရရှိသေးကြောင်း စီ-၁၃၀ လေယာဉ်နှစ်စင်းသည်လည်း ယခုအခါ နိုင်ငံ၏တောင်ပိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ရက်စ်တီတူတိုပါဒီလ်လာက ပြောကြားသည်။ အီရတ်ရှိ ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဖိလစ်ပိုင်နိုင်ငံသည် ဇူလိုင် ၂၀ရက်တွင် တပ်ဖွဲ့ဝင် ၄၃ဦးနှင့် ရဲအရာရှိတစ်ဦး ပါဝင်သော တပ်ဖွဲ့ဝင်၅၁ဦးအား မရုပ်သိမ်းပါက ဓားစာခံဖြစ်သော အင်ဂျီလိုဒီလာခရုဇ်အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးစာချုပ် စေ့စပ်ဆွေးနွေးပွဲ

ချမ်းသာနိုင်ငံများနှင့် ဆင်းရဲနိုင်ငံများ အပေးအယူမမျှလျှင်ပျက်ပြားနိုင်

ဂျနီဗာ (ဆွစ်ဇာလန်) ဇူလိုင် ၁၄

ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများ အပေးအယူမရှိလျှင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးစာချုပ်အတွက် စေ့စပ်ဆွေးနွေးပွဲသည် ယခုလ၌ ပျက်ပြားနိုင်စရာရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

မောရစ်သျှနိုင်ငံတွင် ကျင်းပသော ဆင်းရဲသောနိုင်ငံ ၉၀ ခန့်မှ ကုန်သွယ်ရေးဝန်ကြီးများ အစည်းအဝေးအကြိုနေ့တွင် ဒဗလျူတီအို အကြီးအကဲ ဆူပါချိုင်းပါနစ်ချ်ပက်ဒီက ကြေညာချက် ထုတ်ပြန်ရာ၌ သတိပေးပြောကြားခဲ့သည်။

အခွင့်အလမ်းရှိ

သမိုင်းဝင် ကုန်သွယ်ရေး သဘောတူစာချုပ်၏ အခြေခံကို တည်ဆောက်ရန် မိမိတို့၌ အခွင့်အလမ်းရှိကြောင်း၊ ယခုအချိန်အခါသည် သဘောထားပျော့ပျောင်းမှုကို ပြသပြီး ပေါင်းကူးမှုကို တည်ဆောက်ရမည့် အချိန်အခါ ဖြစ်ကြောင်း ဂျီ ၉၀အုပ်စုဟုခေါ်သော အုပ်စု၏ ဝန်ကြီးများအား ဆူပါချိုင်းက ပြောကြားသည်။

သဘောတူရန်

ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများ အားလုံး အခြေခံတစ်ရပ်ကို သဘောတူချက်ရရန် နောက်ဆုံးရက်ရောက်ရန် ၁၁ရက်သာ ကျန်ရှိတော့ကြောင်း ဆူပါချိုင်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ကျောဖုံးမှ

အရှေ့လောင်ဂျီတွဒ် ၉၈ မိနစ် ၅၃ နှင့် မြောက်လတ္တီတွဒ် ၂၇မိနစ် ၄၃တွင် တည်ရှိသည်။ မြို့ကွက်အကျယ်အဝန်းမှာ ၁၅၃ဒသမ ၅၂ မိုင် (ဧကအားဖြင့် ၉၈၁၄၅၄ဧက)ရှိသည်။ ပန်နန်းဒင်မြို့၏ မြို့မရပ်ကွက်တွင် ယခင်က ရှစ်အိမ်တည်းသာရှိပြီး ယခုအခါ အိမ်ခြေ ၂၁၊ အိမ်ထောင်စု ၂၁စုရှိသည်။ မြို့နယ်နိမိတ်အတွင်းရှိ ကျေးရွာအုပ်စုများမှာ အလီအောင်၊ မစွမ်ကန်၊ ငါဝါ၊ ဒဇုံဒမ်(ဒဇွန်ဒန်)၊ တဇူထူတို့ဖြစ်သည်။ အိမ်ခြေ စုစုပေါင်း ၂၅၂အိမ်၊ အိမ်ထောင်စုပေါင်း ၂၅၈စုနှင့် လူဦးရေ စုစုပေါင်း ၁၇၇၇ ဦးရှိသည်။

မြန်မာနိုင်ငံ၏မြောက်ဘက်၊ အရှေ့မြောက်ဘက်၊ အနောက်မြောက်ဘက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် တိဘက်ဒေသ၊ အိန္ဒိယနိုင်ငံတို့ တည်ရှိသည်။ ပန်နန်းဒင်တွင် အဓိကနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများမှာ ရဝမ်မျိုးနွယ်၊ ထရုံရဝမ်မျိုးနွယ်တို့ဖြစ်သည်။ ရဝမ်ဟူသည် အဝတ်ဖြူဝတ်ဆင်သူ၊ ဝတ်စုံဖြူနှင့် တိုင်းရင်းသားဟု အဓိပ္ပာယ်ရသည်။ ဝတ်စုံဖြူဖြူ ဝတ်ဆင်လေ့ရှိကြသဖြင့် ရဝမ်မျိုးနွယ်ဟု တွင်လေသည်။ ပန်နန်းဒင်မြို့သည် ရှန်ခခေါ် နမ့်တမိုင်ချောင်းကမ်းပါးပေါ်တွင်တည်ရှိပြီး နောင်မွန်းမြို့မှ ၃၁ မိုင်ကျော် ကွာဝေးသည်။ ယခင်က ကုန်ပစ္စည်းများ တင်ဆောင်သယ်ပို့သော ဝန်တင်လားများ၏ လမ်းဆုံးစခန်းလည်း ဖြစ်ပေသည်။ ပန်နန်းဒင်သည် တာရုံခေါ် ထရုံရဝမ်တို့နေထိုင်ရာ ထရုံမြစ်ဝှမ်းသို့သွားရာ လမ်းခွဲအချက်အချာနေရာလည်းဖြစ်သည်။

ပူတာအိုမှပန်နန်းဒင်သို့ ကားလမ်း၊ ခြေလျင်လမ်းများဖြင့်သွားမည်ဆိုလျှင် မိုင်တစ်ရာသာသာဝေးသည်။ ပူတာအိုမှနောင်မွန်းအထိ ကားလမ်းဖြင့် ၇၆ မိုင်ဝေးသည်။ ရပ်ဘော့-ဂတ်ထု-လန်ဆာ-ချေကန်ရွာ-ဂေါ်လဲထု၊ ဇင်ဆန်ခူး-ပန်နန်းဒင်သို့ ခြေလျင်လမ်းဖြင့် မိုင်၃၀ခန့် ကွာဝေးသည်။

ဂေါ်လဲထုမှ ပန်နန်းဒင်အကြားရှိ တောင်စွယ်၊ တောင်တန်းများသည် မြင့်မားမတ်စောက်သော ပေ၁၉၀၀၀

ပန်နန်းဒင်မြို့အဝင် ကြိုးတံတားကို ဤသို့ တွေ့ရသည်။

ကျော်ရှိ ခါကာဘိုရာဇီတောင်ကြီး၏ခြေရင်းမှစတင်သော တောင်စွယ်၊ တောင်ပွားများဖြစ်သည်။ ခါကာဘိုရာဇီတောင်နှင့် ပတ်ဝန်းကျင်တောင်များသည် ဆောင်းရာသီတစ်ခုလုံး(ဧပြီလအထိ)နှင်းဖုံးတောင်များ (Snow Capped Mountain)ဖြစ်သည်။ ဟိမဝန္တာတောင်တန်းကြီးမှ ဆက်လက်သွယ်တန်းလာသော တောင်ကြော၊ တောင်တန်း၊ တောင်စွယ်၊ တောင်ထွတ်များဖြစ်သည်။ ဟိမဝန္တာဟူသည် ဆီးနှင်းများ အန်ထွက်သောတောင်ဟူ၍ ငယ်စဉ်အခါက ဆရာများက သင်ပေးဖူးသည်။

ဆရာတော် မင်းဘူးဦးဩဘာသ၏ ဝေဿန္တရာဇာတ်ဝတ္ထုကြီးကိုသင်ရစဉ်က ဟိမဝန္တာချီးမွမ်းခန်း၌ စိတ်ကူးဖြင့် မြင်ယောင်ကြည်နူးခဲ့ကြရသည်။ ဝေဿန္တရာမင်းကြီးအား ဟိမဝန္တာသို့သွားရာ၌ ကြည်နူးဖွယ်ရာ တောအလှ၊ တောင်အလှအကြောင်းများကို မဒ္ဒီဒေဝီက ဖွဲ့ဆိုလျှောက်ထားနှစ်သိမ့်ခန်း၌ "သားရဲဖြည့်ပြည့်သော ထိုတောစုံမြိုင်ခန်း၌ လမ်းနှစ်ဖက်မှ ခက်ရွက်ညွှန့်ဖူး၊ ယုက်ကူးသိုင်းမို့၊ စိတ်ညို့မှိုင်းဝေ၊ ပင်ခြေရှင်းရှင်း၊ သင်းသင်းပျံ့နေသော တောအရေး၏ တင့်တယ်ခြင်းကို မျှော်ရှုကာ၊ ရိပ်ခိုကာနှင့်မကွာတူကွ သွားကြရလျှင်၊ ပြည်မရတနာ နန်းအောင်ချာကို၊ ဘယ်မှာသခင် အောက်မေ့ချင်တော့အံ့"ဟူ၍လည်းကောင်း။

ပန်နန်းဒင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို တွေ့ရစဉ်။

"အင်ကြင်းတောစုံခြေ၌ ညနေ ညချမ်း၊ စခန်းချထောက်၊ ရောက်သောအခါ၊ ပဋ္ဌမာလိနီ အမည်ရှိသော မြစ်သို့ ဆင်းသက်လာသော သမင်၊ စိုင်၊ ဖားသားအပေါင်းတို့၊ မိတ်လင်စုံညီ၊ ယှဉ်တွဲမှီလျက်၊ ကိန္နရီ၊ ကိန္နရာတို့မြူးကာဝဲပျံ၊ သီချင်းသံနှင့် ကဟန်ရွှင်ဟန်များကို ကြားရမြင်ရသောအခါ၊ အောင်ချာကြဌာန်း၊ ရွှေပြည်နန်းကို လွမ်းဆွတ်ခြင်း ပျောက်ပြေရလိမ့်အံ့"ဟူ၍ တစ်ဖုံ။

"ထိုစံခွင်သို့သွား၍ ညဥ့်အချိန် ရောက်သောအခါ ဤနန်းတော်၌ ညဥ့်ဦးယံ သန်းခေါင်ယံလုံး စည်သံ၊ နဲ့သံ၊ အဲအန်ချေင်း၊ စောင်းငြင်းရတု၊ ပျော်မှုပျော်ခင်းဖြင့် နန်းတွင်းသူအပေါင်းတို့ ညွှတ်ပျောင်းခယ၊ သီကြ ကကြသော စည်းစိမ်တော်ကို အချိန်သင့် လွမ်းဆွတ်လျှင် ထိုတောအုပ်၌ ခင်ပုတ်၊ ဇီဝဒိုး၊ ကြိုးကြာ၊ ဥဒေါင်းတို့၏ ရင့်ညောင်း အေးကျူးမြူးထူးသော ကျေးငှက်သံတို့ဖြင့် နိုင်ငံလုံးသခင် အရှင်ဖျော်ဖြေစရာ ရပါလိမ့်အံ့" ဟူ၍လည်းကောင်း ဟိမဝန္တာကို ဖွဲ့ဆိုလျှောက်ထားခဲ့သည်။ မြန်မာနိုင်ငံမြောက်ဖျား ဟိမဝန္တာ တောင်ကြောဆက်ဒေသသည်လည်း အလားတူ သာတင့်ဆုံး တောအလှ၊ တောင်အလှကို မြင်တွေ့ခံစားနိုင်ကြပေလိမ့်မည်။

ဆောင်းတွင်ရေခဲနှင်းခဲဖုံးပြီး ဇွန်လမှ စက်တင်ဘာလအထိ မိုးအဆက်မပြတ် ရွာသွန်းသောဒေသ ဖြစ်သည့်အတိုင်း အမြဲစိမ်းသစ်တောများသည် စိမ်းလဲ့ညိုမှောင်၍ လောကကို တစ်မျိုးအလှဆင်ပေတော့သည်။

ဟိမဝန္တာ ဝက်ပါတောင်သို့သွားရန် လမ်းညွှန်ကြရာ၌ စေတမင်းသားတို့၏ ဖွဲ့နွဲ့လျှောက်တင်ပုံများ၊ ဇူဇကာပုဏ္ဏားအား စေတမုဆိုး၏ဟိမဝန္တာ လမ်းညွှန်ခန်း၌ ဟိမဝန္တာ၏အလှအပများကို ဖွဲ့နွဲ့ဖော်ပြပုံများ၊ အစ္စုတရှင်ရသေ့က ဇူဇကာပုဏ္ဏားအား လမ်းညွှန်ခန်း၌ တောတောင်ရှုခင်း၊ သစ်ပင်စုံ၊ ပန်းစုံ၊ ကျေးငှက်စုံ၊ အင်းအိုင်မြစ်ချောင်းစုံတို့ကို ဖွဲ့နွဲ့ညွှန်ပြပုံများမှ အလှအပ အားလုံး ကျွန်တော်တို့ မြန်မာနိုင်ငံ၏မြောက်ဖျား၌ ရှိနေသည်ဟု ဆိုလိုက်ပါရစေ။

"သီတာ ....ဖီလာ ....မြောင်ကာဆီးပါလို့၊ တောင်ကြီးတွေက အုံ့မှိုင်းရီ ....အုံ့မှိုင်းရီ....နဂါး....ဂဠုန် ကုမ္ဘန်တွေက လွန်ပျော်မြူးတယ်....ထူးလဲ ထူးတဲ့ဒီမြိုင်" ကျွန်တော်တို့ ငယ်စဉ်က ကြားခဲ့ရသော စုံတောမြိုင်သီချင်းသည် မြန်မာ့တောတောင်၏ သဘာဝအလှ၊ သဘာဝအဆင်အယင်တို့ကို သရုပ်ဖော်သောသီချင်းဖြစ်ခဲ့သည်။ ၁၉၆၂ ခုနှစ်က မိုင်းမောသို့ လေ့လာရေးခရီးစဉ်၊ ကျိုင်းတုံ-တာချီလိတ်သို့ကားဖြင့် ၁၉၇၂ ခုနှစ်က ခရီးထွက်ရစဉ် စုံတောမြိုင်သီချင်းကို ရင်တွင်း၌ ပဲ့တင်ရိုက်အောင်ဆိုခဲ့ပြီး တောတောင်ရှုခင်းအလှကို ခံစားခဲ့ဖူးသည်။

ပန်နန်းဒင်၏အလှကား ရေခဲနှင်းခဲဆောင်းထားသော နှင်းဖုံးတောင်ကြီးများ၏အလှက တစ်မျိုးတစ်ဘာသာ ထူးခြားပေသည်။ ရုပ်ရှင်ကားများ၌ ဆွစ်ဇာလန်မှ နှင်းဖုံးအဲ့လပ်တောင်တန်းကြီးများ၏အလှကို မြင်ရတိုင်း ကြည်ဆွတ်ရသည်။ အားကျခဲ့ရသည်။ ကျွန်တော်တို့နိုင်ငံ မြောက်ဖျားဒေသတွင် ဤကဲ့သို့ နှင်းဖုံးတောင်များရှိနေပါလား ဟူသည့် အသိကိုသိရသည့်အခါ ရင်ထဲတွင် "ဆွစ်ဇာလန်တောင်တန်းများကို ဘာလွမ်းစရာရှိသေးလဲ" ဟု အောက်မေ့နိုင်ခဲ့တော့သည်။

လက်ဝဲသုန္ဒရအမတ်ကြီး၏ ရတုမှ "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်ချပြန်သော်"ဟူသော သဘာဝခံစားမှုမျိုးကို ပန်နန်းဒင်က ပေးနိုင်စွမ်းရှိနေပေသည်။ ။

ကြေးဆင်းတုတော်များ ပင့်ဆောင်ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ပဲခူးတိုင်း မိုးညိုမြို့နယ် ဆင်ခေါင်းကျေးရွာရှိ ရှေးမြန်မာဘုရင်များ တည်ထားကိုးကွယ်ခဲ့သော ကျွန်းဦးဆုတောင်းပြည့်စေတီတော်ကြီးသည် ပျက်စီးယိုယွင်းလျက်ရှိရာမှ ရန်ကုန်မြို့ ဆုထူးပန်ဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကိုလူမင်းနှင့် မိဘဆွေမျိုးများက မတည်ငွေ လှူဒါန်းကြသည်။ အများပြည်သူတို့က ပါဝင်လှူဒါန်းပြီး အသစ်တစ်ဖန် ပြန်လည်တည်ထားရန် အုတ်မြစ်စီမင်္ဂလာပွဲနှင့်ယှဉ်းစေတီတော်၌ သီတင်းသုံး ကိန်းဝပ်စံပယ်မည့် ဥဒ္ဒိဿရုပ်ပွား ကြေးဆင်းတုတော်ကြီးလေးဆူအား ရန်ကုန်မြို့ ဆုထူးပန်ကျောင်းတိုက်မှ မိုးညိုမြို့နယ် ဆင်ခေါင်းကျေးရွာအထိပင့်ဆောင်ပူဇော်ပွဲကိုဇူလိုင်၁၄ရက်ကကျင်းပရာ မြို့နယ်၊ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။ စေတီတော်တည်ဆောက်ရေးတွင် ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန် ဆုထူးပန်ကျောင်း ဖုန်း-၅၄၅၉၈၀ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပါဒကြီးပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ ဆုတောင်းပြည့် ပါဒငါးထပ်ဘုရားကြီးနှင့်ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော် အနီးရှိ ပါဒကြီးပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော စာချ စာသင် သံဃာတော်အပါး ၅၀ ကျော်တို့အား ဇူလိုင်၃၁ရက်(စနေနေ့)၌ (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် မိုးကုတ်ဝိပဿနာ ပုဏ္ဏမိဓမ္မရိပ်သာကျောင်းတိုက် စခန်းအကျိုးတော်ဆောင်များက ကြီးမှူး၍ (၆၇)ကြိမ်မြောက် ဝါဆိုတရားစခန်းပွဲကို ဇူလိုင်၃၀ရက်မှ ဩဂုတ်၉ရက်အထိ ၁၀ ရက်စခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယသုဝဏ္ဏသိင်္ဂီဆရာတော် ဦးကစ္စာယန အရှင်သူမြတ်နှင့် မိုးကုတ်ဓမ္မကထိက ဆရာကြီးဦးဆန်းတင်တို့က ဝိပဿနာအလုပ်ပေးတရားနှင့် သစ္စာလေးပါးတရားတို့ကို တရားဝင်ယောဂီသူတော်စင်များအား ခန္ဓာအရှိကို ဉာဏ်အသိနှင့်ကိုက်ပြီး သစ္စာဆိုက်အောင်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများသည် ဇူလိုင်၂၉ရက် ညနေ ၆ နာရီအရောက် မိုးကုတ်ဝိပဿနာ ပုဏ္ဏမိဓမ္မရိပ်သာကျောင်းတိုက်သို့လာရောက်ကြရန် နှိုးဆော်ထားသည်။**(က-ပ)**

အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (၀၄၆)

မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဇူလိုင်၁၇ရက်က အောင်မြေဗိမာန်ကျောင်းတိုက်တွင်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးမြအောင်နှင့်အဖွဲ့ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။(၂၅၉)

၂၀၀၄ခုနှစ်(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဇူလိုင် ၂၆ရက်မှ ၂၈ရက်အထိကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က အနီးကပ်ကြီးကြပ်၍ (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရန်စီစဉ်ထားသည်။

ပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုကြေးငွေများ၊ ပြိုင်ပွဲအကြို ဖွင့်လှစ်မည့် ဒိုင်သင်တန်း ကုန်ကျစရိတ်များ၊ ပြည်နယ်နှင့်တိုင်း အသင်းများအား နည်းစနစ်ဆိုင်ရာ စီဒီအချပ်များနှင့် နောက်ဆုံးပြဋ္ဌာန်း ပြိုင်ပွဲနည်းဥပဒေ စာအုပ်များဖြန့်ဝေပေးရန် ကုန်ကျစရိတ်များကို Panasonic က ပံ့ပိုးကူညီပေးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးဒေသခံပြည်သူအားကိုရယူဆောင်ရွက် တာဝန်ရှိသူဝန်ထမ်းများ အသိစိတ်ဓာတ်ရှိရှိဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် မင်းကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်း ကလေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီတွင် ကလေးဝမြို့ မြစ်သာတံတား(ကလေးဝ) စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြစ်သာတံတားစီမံကိန်း ရှင်းလင်းဆောင်၌ ကလေးဝမြို့နှင့် မော်လိုက်မြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ကလေးဝမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ကျန်းမာရေး၊ဆက်သွယ်ရေး တို့ကိုရှင်းလင်းတင်ပြရာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ကကလေးဝ- မော်လိုက်လမ်းသည် နယ်မြေ ဖွံ့ဖြိုးရေးလမ်းဖြစ်သဖြင့် သတ်မှတ်ကာလ အတွင်း အချိန်မီ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ လိုအပ်ပါက သက်ဆိုင်ရာဌာန အသီးသီး၏ အင်အားကိုရယူပြီး လမ်းအမြန်ဆုံး ကောင်းမွန်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ သက်ဆိုင်ရာဌာနများက လည်း လိုအပ်ချက်များကို ဝိုင်းဝန်းဆောင်ရွက်ကြရေးမှာကြားသည်။

လပင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြစ်သာတံတား(ကလေးဝ)ကိုလည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝ လမ်းတစ်လျှောက် လမ်းတံတား အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့်ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင် ၁၁၃/၆ ရှိ လပင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အရှည်ပေ ၂၂၀ ရှိ လပင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး တံတားအားရေရှည်အသုံးပြုနိုင်ရန် မိုးရာသီကာလအတွင်း ရေစီးဖြင့်မျော ပါလာသော သစ်ဝါးများဖြင့်တိုက်မိ၍တံတားများ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန် ရှိသူအဆင့်ဆင့်တို့အားမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာခဲ့ကြရာ မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းမိုင်တိုင် ၉၃/၇ ရှိ တိန်းတံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အရှည်ပေ ၃၆၀ ရှိတိန်းတံတား၏ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တံတားအနီးဝန်းကျင်ရေလမ်းကောင်းမွန်ရေး၊ တံတားအား ရေတိုက်စားမှုမှ ကာကွယ်ရေးတို့အတွက် ကြိုတင်ဆောင်ရွက်ထားရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်အားမှာကြားပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝကားလမ်း အတိုင်းဆက်လက်ထွက်ခွာလာခဲ့ကြပြီးမင်းကင်းမြို့နယ် မြို့မ ကျေးရွာသို့ရောက်ရှိကြပြီးဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မြို့မကျေးရွာအနီးရှိ မြို့မတံတားမှ တောင်တွင်းချောင်းအတိုင်း စက်တပ်သမ္ဗန်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ချင်းတွင်းမြစ်ကမ်း နံဘေးရှိ ချောင်းဝကျေးရွာသို့ရောက်ရှိပြီး မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ချောင်းဝကျေးရွာမှချင်းတွင်းမြစ်တစ်လျှောက် အမြန်ရေယာဉ်ဖြင့်ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီခွဲတွင်စစ်ကိုင်းတိုင်း မင်းကင်းမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး လိုက်ပါလျက် မင်းကင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ် ဆရာဝန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မင်းကင်းမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ တပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူး ဒေသကြီး ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက်ဝန်ကြီးဌာနတစ်ခုတိုးချဲ့ကာ ဆောင်ရွက်ပေးခဲ့ခြင်း၊ ထို့အပြင် ထပ်မံ၍ ကျေးလက် ဒေသပြည်သူများ၏ လူနေမှု ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထိုကဲ့သို့ဆောင်ရွက်ကြရာတွင် မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့်တို့မှ ဝန်ထမ်းများက မိမိမြို့ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည်ဖြစ်ရာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ အားကို ရယူကာ အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအိတ်ချ်ဖွန်ကီးကျောင်ကလည်းကောင်း၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိမ်းဌေးက လည်းကောင်း လက်ခံယူကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းအားလည်းကောင်း၊ အိမ်သုံးဆပ်ပြာများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်အေးအား လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တွေ့ဆုံပွဲအခမ်းအနား သို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် မင်းကင်းမြို့မှ ချင်းတွင်းမြစ်ကြောင်းအတိုင်း၊ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ညနေ ၅နာရီခွဲတွင် ကနီမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မုံရွာခရိုင် ကနီမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင် များသည် မြို့နယ်ပြည်သူ့ဆေးရုံ အတွင်းရှိ အမျိုးသား လူနာဆောင်နှင့် ခွဲစိတ်ခန်း နှင့် ခွဲစိတ်ခန်းသုံး ကိရိယာများကို လှည့်လည် ကြည့်ရှုစစ်ဆေးမှာကြားသည်။

အမှာစကား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကနီမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ရောက်ရှိကြပြီး ကနီမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ရေး၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် ရှိသည်တို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ နိုင်ငံတော်၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် မိမိတို့ တတ်နိုင်သည့်ဘက်မှ စေတနာထားဆောင်ရွက်ကြရေး၊ မိမိဒေသ၊မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ္စာရှိရှိ တာဝန်သိသိဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြရေးစသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က ကနီမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဗလာစာအုပ် ဒါဇင် ၄၀ နှင့် အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံယူသည်။

အလှူငွေလက်ခံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ကန်-ရွာသာ-မုံအို-ပြုံးတူး-သခွတ္တနယ် ကျေးလက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ ည၇ နာရီမိနစ်၄၀တွင် ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သခွတ္တနယ် တိုက်နယ်ဆေးရုံတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အလှူငွေများ လက်ခံယူသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ သခွတ္တနယ်ကျေးရွာဇာတိ မန္တလေးမြို့မှ ပွဲရုံနှင့် ဆီစက်လုပ်ငန်းရှင် ဦးကျော်သောင်းက သခွတ္တနယ်ကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးအတွက်အလှူငွေကျပ်သိန်း၂၀၀ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ထံ သခွတ္တနယ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးအတွက် မန္တလေးမြို့မှ ဦးကျော်သောင်းမိသားစုက ငွေကျပ်သိန်း၂၀၀၊ ရန်ကုန်မြို့နေ ဦးသန်းလှိုင်-ဒေါ်ဝင်းကြည်(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)က ငွေကျပ်သိန်း၂၀၊ ဦးလှမြင့်-ဒေါ်စံခမိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဦးခင်မောင်ညို-ဒေါ်မြင့်မာ(ရွှေမန်းကဖီး)ကငွေကျပ်တစ်သိန်း၊ ဦးကျော်မင်းအောင်-ဒေါ်နယ်လီဆန်းတို့ကငွေကျပ်တစ်သိန်း၊ ဦးသန်းထွေး-ဒေါ်မေရီတို့က ငွေကျပ်တစ်သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက သခွတ္တနယ်တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးဦးကြည်ထံပေးအပ်လှူဒါန်းသည်။

ဂုဏ်ယူဖွယ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံဇာတိဖွားများက မိမိဒေသ၊ မိမိရပ်ရွာအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထိုကဲ့သို့လှူဒါန်းမှုသည် ဝမ်းသာပီတိဖြစ်ကာ ဂုဏ်ယူဖွယ်ရာကောင်းပါကြောင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မုံရွာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နေ့ညဟောကြား ရွှေတရားလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစရာလင်္ကာရသည် မြန်မာပြည်အရပ်ရပ်၌ ဟောကြားတော်မူအပ်ခဲ့သော သုတ္တန် ဝိပဿနာတရားတော်ပေါင်း ၁၂ ပုဒ်ကို နေ့ညဟောကြားရွှေတရားကျမ်းစာကြီးများအဖြစ် ရေးသားရိုက်နှိပ်ဖြန့်ချိ လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် တန်ဖိုးငွေကျပ် သုံးသိန်းကိုးသောင်းတန်ဖိုးရှိ နေ့ညဟောကြား ရွှေတရားပေါင်းချုပ် အမှတ်(၁)နှင့် အမှတ်(၂)တို့ကို ပေးအပ်လှူဒါန်းရာ အလှူခံပုဂ္ဂိုလ်များကိုယ်စား ဦးအဂ္ဂါစာရ(ဓမ္မာစရိယ) အရှင်မြတ်က လက်ခံရယူသည်။ မကြာမီနေ့ညဟောကြားရွှေတရား(တတိယတွဲ)ကို ရိုက်နှိပ်လှူဒါန်းမည်ဖြစ်ရာ ဓမ္မဒါနပါဝင်လှူဒါန်းလိုသူများသည် စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၂၁၇၀၊ ရန်ကုန် ဒေါ်ညွှန့်မေ ၀၁-၆၅၁၁၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ

ထန်းတပင်အထက မာလ်တီမီဒီယာစာသင်ခန်းဖွင့်

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တွင် ဒေသခံကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားစေရန်အတွက် ထန်းတပင်အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

သာဂရကျေးရွာ မူလတန်းကျောင်း

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အနောက်သာဂရကျေးရွာတွင် ကျေးရွာနေ ကလေးငယ်များ ပညာသင်ကြားနိုင်ရန် ကျေးရွာအခြေခံပညာမူလတန်းကျောင်းကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရမည်းသင်းအထက မာလ်တီမီဒီယာစာသင်ခန်းဖွင့်

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် ကျောင်းသူကျောင်းသားများ ပညာရည်မြင့်မားစေရေးအတွက် အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မွန်ပြည်နယ် သထုံမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တွင် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများလက်တွေ့အသုံးချသင်ယူနေသော ကျောင်းသူလေးများကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာစက်မှုဇုန်ရှိ နေကြာပီနန်အိတ်စက်ရုံတွင် ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ **ရှေ့ဖုံးမှ**

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြီး (အငြိမ်းစား)က စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု၊ စက်စမ်းသပ်လည်ပတ်မှု၊ စီးပွားဖြစ် စက်လည်ပတ်ထုတ်လုပ်မှု၊ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ထုတ်လုပ်သည့် ဓာတ်ခဲအမျိုးအစား၊ တပ်ဆင်စက်ပစ္စည်းများ၊ ကုန်ကြမ်းများ ရရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ကုန်ချောထုတ်လုပ်ဖြန့်ချိမှုနှင့် ဝင်ငွေရရှိမှု၊ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဝန်ထမ်းများ စွမ်းရည်ထက်မြက်နေရေးအတွက် စက်မှုဆိုင်ရာနည်းပညာသင်တန်းများ ပို့ချပေးရန်၊ စက်ရုံမှလိုအပ်သော စက်အရန်ပစ္စည်းများကို ပြည်တွင်းစက်မှုဇုန်တို့မှ ထုတ်လုပ်သည့်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ရန်၊ အရည်အသွေးမီ ကုန်ချောပစ္စည်းများကို ဝယ်ယူသုံးစွဲသူအကြိုက်ထုပ်ပိုးမှုစနစ်ဖြင့် ဈေးကွက်ရှာဖွေဖော်ထုတ်ဖြန့်ဖြူးသွားရေး၊ စက်ပစ္စည်း ကုန်ကြမ်းပစ္စည်းများလေလွင့်ပျက်စီးမှုမရှိရေး၊ မီးဘေးလုံခြုံရေး၊ မီးဘေးကာကွယ်ရေး အစီအမံများကြိုတင်စီမံချက်ချ စနစ်တကျဆောင်ရွက်ထားရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ရေး၊ငွေရေးကြေးရေးကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသိမ်းဆည်းသုံးစွဲရေးနှင့် မိမိတို့၏စက်ရုံအလုပ်ရုံတိုးတက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ဝန်ထမ်းများက မိမိတို့၏ဝီရိယစိုက်ထုတ်မှုကို စေတနာနှင့် ပေါင်းစပ်ကာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရေးဖြင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပျံလွှားဓာတ်ခဲစက်ရုံ၏ ဓာတ်ခဲကုန်ချောထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ကုန်ကြမ်းသိုလှောင်ရုံနှင့် ကုန်ချောသိုလှောင်ရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို တာဝန်ရှိသူတို့အားထပ်မံမှာကြားသည်။

ဖြန့်ဖြူးရောင်းချ

ပျံလွှားဓာတ်ခဲစက်ရုံသည် လက်ရှိဝန်ထမ်းအင်အား ၁၂၇ဦးဖြင့် တစ်နာရီလျှင် ဓာတ်ခဲ R. 20.C(D.Size) အမျိုးအစား အလုံး ၇၂၀၀နှင့် R.6.C (AA.Size) အမျိုးအစားအလုံး ၇၂၀၀ ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်နှင့် အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် အပိုင်း (၄) ဦးမြူလမ်း အမှတ်(၇/၈)ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် နေကြာပီနန်အိတ်စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် နေကြာပီနန်အိတ်စက်ရုံအတွင်း ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် စက်ရုံဧည့်ခန်းမ၌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သက်ဆိုင်ရာတာဝန်ရှိသူတို့အား ဈေးကွက်၏လိုအပ်ချက်ကို အမြဲတစေ စဉ်ဆက်မပြတ် လေ့လာကာ အရည်အသွေးမီကုန်ချောများကို စက်စွမ်းအားပြည့် ထုတ်လုပ်သွားရေးမှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်ပေး

နေကြာပီနန်အိတ်စက်ရုံကို လက်ရှိဝန်ထမ်းအင်အား ၂၃၉ ဦးဖြင့် နေ့၊ည အဆိုင်းခွဲကာ ဝယ်ယူသူစိတ်ကြိုက် ရိုးရိုးပီနန်အိတ်၊ ကော်ရည်သွန်းအိတ်နှင့် ဘိလပ်မြေအိတ်တို့ကို အိတ်ခွံအလေးချိန် ဂရမ် ၅၀ မှ ၁၅၀ဂရမ်အထိ၊ ဗျက် ၁၂ လက်မမှ လက်မ ၅၀ အထိ တစ်ရက်လျှင် အိတ်(ကြီး/သေး)၅၀၀၀၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေကြာပီနန်အိတ်စက်ရုံမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ပြန်လည်ထွက်ခွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီ ၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor Colonel Hj. Abbas bin Hj. Mat နှင့် ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

အမှတ်တရလက်ဆောင်ပေး

ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဇနီး ဒေါ်မာလာတင့်နှင့် အဖွဲ့ဝင်များက ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇူလိုင် ၁၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားစစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မောင်တောမြို့တွင် ၅ဒသမ ၀၄လက်မ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိကြောင်း သိရသည်။

ဇူလိုင်၁၈ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

18-7 (08).p65 1 03/26/1905, 1:36 PM

*** ရွှေဖုံးမှ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေထွန်းကုမ္ပဏီလီမိတက်ကထုတ်လုပ်ထားသည့်အထွေထွေ ဝန်တင်လေးဘီးယာဉ် အမျိုးမျိုး၊ ထွေလာဂျီ ယာဉ်ငယ်အမျိုးမျိုး၊ လက်တွန်းထွန်စက် အမျိုးမျိုးတို့ကိုလည်းကောင်း၊ အထွေထွေ ဝန်တင်လေးဘီးယာဉ်နှင့် လက်တွန်းထွန်စက်တို့နှင့် စပ်လျဉ်းသည့် စက်ပစ္စည်း အစိတ်အပိုင်းအမျိုးမျိုး ထုတ်လုပ်နေမှုအခြေအနေများနှင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဧည့်ခန်းမ၌ ရွှေထွန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးစိုင်းကျော်လှက ကုမ္ပဏီအနေဖြင့် လက်တွန်းထွန်စက်နှင့် ဝန်တင်ယာဉ်အမျိုးမျိုးထုတ်လုပ်နေမှုများ၊ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်းတို့က ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က တိုင်းပြည်အတွက် လိုအပ်နေသော လက်တွန်းထွန်စက်များ တိုးတက်ထုတ်လုပ်ရောင်းချနိုင်ရေး၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်း အောင်မြင်စွာ ထူထောင်နိုင်ရေးတို့အတွက် လိုအပ်သည်များကို ညွှန်ကြားမှာကြားအားပေးသည်။

ခုနစ်ရက်တရားစခန်းနှင့် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

တောင်ဥက္ကလာပမြို့နယ်(၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ (၁၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက် (ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ တရားစခန်းပွဲတွင် သစ္စာဒီပကဆရာကြီး ဦးကြည်၏ မူအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသာသန(သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများ ဇူလိုင် ၂၄ ရက် ညနေ ၆နာရီ အရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်းနှင့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပင့်သံဃာတော်များနှင့် ကျောင်းတိုက်အတွင်းရှိ ဝါဆိုဝါကပ်မည့် သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စက်မှုဇုန်(၃)

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်(၃)ဗန်းမော်အတွင်းဝန်လမ်းရှိ Khine Industries Co.,Ltd. သို့ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဒုတိယအထွေထွေမန်နေဂျာဦးအောင်လေးထွဋ်က ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် ကုလားထိုင်၊ စားပွဲစသည့်သစ်အချောထည်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သစ်အချောထည် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စက်မှုဇုန်(၂)

ထိုမှတစ်ဆင့် စက်မှုဇုန်(၂) ဒီပဲယင်းဝန်ထောက်ဦးမြလမ်းရှိ Teak Farm Industries Co.,Ltd. သို့ ရောက်ရှိကြပြီး သစ်အချောထည် ပရိဘောဂအမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်နှင့် တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြပြီး သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက တန်ဖိုးမြှင့်တင်ထားသော သစ်အချောထည်များ ပြည်ပဈေးကွက်တိုးချဲ့ဝင်ရောက်နိုင်မှုနှင့် ခေတ်မီသစ်အချောထည်စက်ရုံများ တိုးချဲ့ထူထောင်နိုင်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ အတွင်းရေးမှူး(၁)က ယခုကဲ့သို့ ပို့ကုန်စက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခေတ်မီသစ်အချောထည်စက်ရုံများ တိုးတက်အောင်မြင်လာသည့်အတွက် ဝမ်းသာအားရဖြစ်ရကြောင်းဖြင့် အားပေးစကားပြောကြားသည်။

စက်မှုဇုန်(၁)

ထို့နောက် စက်မှုဇုန်(၁) ကနောင်မင်းသားကြီးလမ်းရှိ Reva Rubber & Eva Manufacturing Factory (Reva Co., Ltd.)သို့ ရောက်ရှိကြရာ Chairman ဦးမောင်မောင်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ခြေညှပ်ဖိနပ်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ရှင်းလင်းပြသကြသည်။

အားပေးမှာကြား

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပုဂ္ဂလိကသွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးတို့အတွက် အားပေးမှာကြားပြီး လှိုင်သာယာစက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်သာယာစက်မှုဇုန်(၁)ရှိ Reva Rubber & Eva Co.,Ltd. ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ယာဉ်စီးခများသတ်မှတ်နှုန်းထက်ပိုမိုတောင်းယူခြင်း ထိရောက်စွာအရေးယူ ရိုင်းပျစွာပြောဆိုခြင်းများတွေ့ရှိကအရေးယူရန် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေမှာကြား

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့လည်းကောင်း၊ ရန်ကုန်မြို့တွင်း၌လည်းကောင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် မော်ကွန်းထိန်းများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာလျက်ရှိသည့် ဌာနဆိုင်ရာယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်တင်ဘတ်(စ်)ကားများ၊ တက္ကစီအငှားယာဉ်များမှ ယာဉ်မောင်းသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ဝင်များ စနစ်တကျကြပ်မတ်သည့်ကာလများ၌ ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းခဲ့သော်လည်း အချို့ယာဉ်မောင်းများသည် ကြီးကြပ်ကွပ်ကဲမှု အားနည်းလျှင် အားနည်းသည့်အလျောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချိုးဖောက်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့အတူ အနေးယာဉ်များ၊ လမ်းလျှောက်သူနှင့် လမ်းဖြတ်ကူးသူများကလည်း ၎င်းတို့ လိုက်နာရမည့် လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချိုးဖောက်သူများကို ထိရောက်စွာ အရေးယူကြရမှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ဘတ်(စ်)ကားများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား စက်သုံးဆီထုတ်ယူပြီး သတ်မှတ်ခေါက်ရေအတိုင်း ပြေးဆွဲမှုမရှိခြင်း၊ ယာဉ်စီးခများ သတ်မှတ်နှုန်းထက်ပိုမိုတောင်းယူခြင်း၊ သားနှင့်အမိ၊ မောင်နှင့်နှမ မကြားဝံ့မနာသာ ရိုင်းပျစွာ ဆဲဆိုခြင်းများကို တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ကြရန် မှာကြားပြီး ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာဒေါ်မေမေရီအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွမ်ခွန်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

အမှတ်တရလက်ဆောင်ပေး

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ အမျိုးသမီးရေးရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

တရုတ်–အာဆီယံ ရှေ့နေချုပ်များအစည်းအဝေးမှ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင် ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် တရုတ်–အာဆီယံ ရှေ့နေချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပို့ချ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(MDA)နှင့် နိုင်ငံတကာသွားနှင့်ခံတွင်းဆိုင်ရာ စဉ်ဆက်မပြတ် ပညာပေးရေး ကောလိပ် (ICCDE)တို့ ပူးပေါင်းစီစဉ်မှုဖြင့် သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ပူးတွဲဆွေးနွေးပို့ချမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဘမြင့်နှင့် ICCDE ဥက္ကဋ္ဌ Dato' Dr. A. Ratnanesan တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဟောပြောဆွေးနွေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် သွားနှင့်ခံတွင်း ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပို့ချမှု အစီအစဉ်များကို ကျင်းပရာ သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များက "Clinical Protocol in Dental Practice" ခေါင်းစဉ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပို့ချကြသည်။ **(သတင်းစဉ်)**

သံလွင်နှင့်ဧရာဝတီမြစ် စိုးရိမ်ရေမှတ်များ

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀၀ စင်တီမီတာ(သုံးပေ)ခန့် မြင့်တက်လာပြီး စိုးရိမ်ရေမှတ် ၁၄၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ၄၀ စင်တီမီတာ (တစ်ပေခွဲ)ခန့် မြင့်တက်လာပြီး စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၅)

"အပြန်အလှန်ယုံကြည်ကိုးစားမှုဟာ ဒီမိုကရေစီထက် အဆင့်မြင့်တယ်။ အပြန်အလှန်ယုံကြည်ကိုးစားမှုမရှိရင် ဒီမိုကရေစီမရှိနိုင်ပါလို့ လူမှုသိပ္ပံပညာရှင်များကဆိုပါတယ်။ မှန်ပါတယ်၊ အပြန်အလှန် ယုံကြည်ကိုးစားမှုမရှိရင် ဘယ်လိုမှ ဒီမိုကရေစီ မရှိနိုင်ပါ။ အပြန်အလှန်ယုံကြည်ကိုးစားမှုဟာ အပြန်အလှန် နားလည်မှုပြည့်ဝတဲ့အတွက် ဒီမိုကရေစီထက် အဆင့်မြင့်ပါတယ်။ တစ်ချိန်က မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲ ဖက်ဆစ်တော်လှန်ရေးကြီးတွင် မြန်မာ့မျိုးချစ်ခေါင်းဆောင်များနဲ့ ပြည်သူတွေဟာ ဒီမိုကရေစီထက် အဆင့်မြင့်တဲ့ အပြန်အလှန်ယုံကြည်ကိုးစားမှု ပြည့်ဝစွာ အသက်ပေးတိုက်ပွဲဝင်ခဲ့ကြပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးကိုလဲ ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများဟာ အပြန်အလှန် ယုံကြည်ကိုးစားမှု ပြည့်ဝစွာနဲ့ ပြန်လည်စတင်ကျင်းပလာခဲ့ကြပါတယ်။ ဒါကြောင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများဟာ (၁) ညီလာခံကြီးရဲ့ ဦးတည်ချက်(၆)ရပ်ကို အပြုသဘောဦးတည်ကြိုးပမ်းလာခဲ့ကြပါတယ်။ (၂) ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး တရားကို လက်ကိုင်ထားပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လာခဲ့ပါတယ်။ (၃) မိမိတို့အယူအဆကို ဇွတ်အတင်းလက်ခံစေမှု၊ မိမိတို့အယူအဆကို လက်မခံနိုင်သေးရင်လဲ တစ်ဖက်သားအပေါ် နှုတ်အာကြမ်းတမ်းမှု၊ သရော်လှောင်ပြောင်မှု၊ အရှက်ရသိက္ခာကျစေမှုတွေကို လုံးဝရှောင်ကြဉ်လာခဲ့ပါတယ်။ (၄) မိမိတို့တင်ပြချက်အပေါ် လက်မခံနိုင်သေးရင်လဲ ဖျောင်းဖျစိတ်ရှည်တဲ့ ဒီမိုကရေစီနည်း၊ ကိုယ်ပိုင်အတွေ့အကြုံနဲ့ အချိန်စောင့်တဲ့ လူ့ယဉ်ကျေးရေးခေတ်ထုံးတမ်းစဉ်လာတွေကို ကျင့်သုံးခဲ့ကြတယ်။ (၅) အများဆန္ဒနဲ့တူညီတာတွေကို အကောင်အထည်ဖော်ရေးမှုကို လိုက်နာကျင့်သုံးခဲ့တယ်။ လူ့အဖွဲ့အစည်းအတွင်း အယူအဆ အတွေးအမြင်တွေ ကွဲလွဲကောင်းကွဲလွဲနိုင်ပါတယ်။ အဲဒီလို ကွဲလွဲမှုတွေကို အခုလို အပြုသဘော ဖြေရှင်းလွန်မြောက်နည်းမှအပ အခြားဘယ်နည်းမှ တိုးတက်မှုကို မရနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲမှုဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ဘေးဒုက္ခကြမ်းဆိုးတွေသာ ဖြစ်စေတယ်ဆိုတာကို ကိုယ်တွေ့မျက်မြင် ဆင်ခြင်နိုင်ခဲ့ကြလို့ ဖြစ်ပါတယ်။ အရှေ့ဥရောပက ဆိုရှယ်လစ်နိုင်ငံဟောင်းအချို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ သွေးချောင်းစီး ပြိုကွဲပျက်စီးကုန်မှုများကလဲ ကိုယ်ထင်ပြခဲ့ကြလို့ ဖြစ်ပါတယ်။ အထူးသဖြင့် ဘော့စနီးယားစစ်ပွဲ၊ ကိုဆိုဗိုစစ်ပွဲနဲ့ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားတဲ့ ပဋိပက္ခတိုက်ပွဲတွေက အထင်အရှားပင်ဖြစ်ပါတယ်။ အဲဒီလို အဖြစ်ဆိုးများ မကြုံရအောင် နိုင်ငံအသီးသီးက ရှောင်ရှားကြဖို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာလဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြဖို့အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးသို့ အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ပါတီအဖွဲ့အစည်းပေါင်းစုံတို့ တက်ရောက်နိုင်အောင် နိုင်ငံတော်အစိုးရက ဖိတ်ကြားခဲ့ပါတယ်။ အမျိုးသားအင်အားစုအားလုံး တစည်းတလုံးတည်း လက်တွဲဆောင်ရွက်သွားကြဖို့ တာဝန်ကျေပွန်စွာ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလို အပြုသဘောကြိုးပမ်းမှုအပေါ် အချို့သော ပါတီအဖွဲ့အစည်းများက ဆက်လက်ဆန့်ကျင်ခဲ့ပါတယ်။ ဒီကနေ့လို တည်ဆဲအစိုးရရဲ့ နိုင်ငံထူထောင်ရေးလုပ်ငန်းများ၊ အမျိုးသားသင့်မြတ်စည်းလုံးရေးကြိုးပမ်းမှုများအပေါ် ဆန့်ကျင်တဲ့ အင်အားစုမှန်သမျှကို ပြည်ပနိုင်ငံကြီးအချို့နဲ့ အနောက်သတင်းဌာနများက ဒီမိုကရေစီလှုပ်ရှားမှုကောင်းကြီးများ၊ ဒီမိုကရေစီဘက်တော်သားကြီးများအဖြစ် မြှောက်ပင့်သွေးထိုးပေးကြလို့ ဖြစ်ပါတယ်။

တကယ်တော့ တည်ဆဲအစိုးရရဲ့ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေအပေါ် ဆန့်ကျင်ပြနေရုံနဲ့ ဒီမိုကရေစီလှုပ်ရှားမှုကောင်းများ၊ ဒီမိုကရေစီဘက်တော်သားများ ဖြစ်နိုင်ပါသလား၊ ဖြစ်နိုင်မယ် မထင်ပါ။ အချို့က ဒီမိုကရေစီထက် ကိုယ်ကျိုးအာဏာရလိုတဲ့အတွက် ဆန့်ကျင်တာရှိတယ်။ အချို့က ပြည်ပအားကိုးအဆိုးမြင်ဝါဒနဲ့ ဆန့်ကျင်တာရှိတယ်။ အချို့က မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်တဲ့ ဆန့်ကျင်မှုရှိတယ်။ အချို့က မိမိဆွေမျိုးသားချင်းအပေါင်းအသင်းတွေအာဏာရမှ တို့ကောင်းစားမယ်ဆိုတဲ့ ကိုယ်ကျိုးအတ္တနဲ့ ဆန့်ကျင်တာရှိတယ်။ အချို့က သူတို့ ဩဇာခံမလုပ်လို့ ဆန့်ကျင်တာရှိတယ်။ အခြားသော ကိုယ်ကျိုးစီးပွား အမျိုးမျိုးနဲ့ ဆန့်ကျင်တာလဲ ရှိနိုင်ပါတယ်။ အချို့က ဒီမိုကရေစီရေးအပေါ် အယူအဆကွဲလွဲ ဆန့်ကျင်တာလဲရှိပါတယ်။ အဲဒီလို ဒီမိုကရေစီရေးအပေါ် အယူအဆကွဲလွဲ ဆန့်ကျင်ရင်းလဲ တည်ဆဲအစိုးရနဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ဒီမိုကရေစီရေးကို အပြုသဘောလက်တွဲကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါမှသာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် ကြိုးပမ်းရာရောက်ပါမယ်။

အစိုးရရဲ့ ထူထောင်ရေးလုပ်ငန်းတွေအပေါ် ဆန့်ကျင်နေတဲ့ အဆိုးမြင်အင်အားစုမှန်သမျှ ဒီမိုကရေစီအင်အားစုတွေ ဟုတ်၊ မဟုတ်ဆိုတာကို ဆန်းစစ်ဖို့ ဒီမိုကရေစီစံတစ်ခု ရှိပါတယ်။ အဲဒါကတော့ လူတိုင်းလို ပြောနေကြတဲ့

အောင်မိုးခံ

"သင့်ရဲ့တုတ်ကို လွတ်လပ်စွာ ဝှေ့ယမ်းနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်ရဲ့ ဦးခေါင်းကို မထိပါစေနဲ့"ဆိုတဲ့ စံဖြစ်ပါတယ်။ ဒီအင်အားစုတွေအပေါ် အခုလို ဒီမိုကရေစီစံ အရည်အသွေးမျိုး ရှိမရှိဆိုတာကို ဆန်းစစ်ခွဲခြားနိုင်ပါတယ်။ ဒါမှသာ ပကတိအခြေအနေတွေ နားလည်နိုင်မယ်ဖြစ်ပါတယ်။

"မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတစ်ရပ်တွင် ခိုင်မာတဲ့ ဒီမိုကရေစီစနစ်တစ်ရပ် ချက်ချင်းအမြစ်တွယ် တည်ဆောက်ကျင့်သုံးနိုင်တယ်လို့ လူ့သမိုင်းတွင် မကြုံဖူးသေးပါ။ နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းနဲ့ စာပေတတ်မြောက်မှုအဆင့်မြင့်လာတဲ့ အချိန်ကျမှသာ အခြေခံစားဝတ်နေမှု အခွင့်အရေးတွေ တူညီသလောက် ရလာတဲ့အချိန်ကျမှသာ ဒီမိုကရေစီ အပြည့်အဝကျင့်သုံးမှုဟာ စတင်လာလေ့ရှိတယ်။

ဒါ့အပြင် အခြားကြိုတင် လိုအပ်ချက်တွေကတော့ လူထုလွတ်လပ်ခွင့် (Civil Liberty)၊ တရားဥပဒေစိုးမိုးမှုနဲ့ လူထုကိုယ်စားလှယ်ပြု နိုင်ငံရေးဖွဲ့စည်းအုပ်ချုပ်မှု (Effective Responsive Political Institutions)တွေမှာ ကျင့်သားရရှိပြီး ခိုင်မာနေဖို့ လိုပါတယ်"လို့ လူ့သိပ္ပံပညာရှင်များက ဆိုပါတယ်။

ဒါကြောင့် ဒီမိုကရေစီထူထောင်ရေးကို မင်းမဲ့စရိုက်ဆိုးများနဲ့ မကြိုးပမ်းနိုင်ပါ။ အဆိုးမြင်ဝါဒများနဲ့လဲ မကြိုးပမ်းနိုင်ပါ။ ပြည်ပအားကိုးတဲ့နည်းနဲ့လဲ မကြိုးပမ်းနိုင်ပါ။ ဆူပူအုံကြွမှု၊ အကြမ်းဖက်မှုတွေနဲ့လဲ မရနိုင်ပါ။ ပြည်ပစွက်ဖက်ဖိအားပေးမှုနဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေနဲ့လဲ မကြိုးပမ်းနိုင်ပါ။

စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာအောင် တစ်မျိုးသားလုံး အပြုသဘော ကြိုးပမ်းသွားဖို့သာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးတရားလက်ကိုင်ထားပြီး တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ ကြိုးပမ်းသွားဖို့သာ ဖြစ်ပါတယ်။

၂၀၀၄ခုနှစ် ဇူလိုင်လ၉ရက်နေ့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ ခေတ္တရပ်နားကြောင်းနဲ့ နှုတ်ဆက်အမှာစကားပြောကြားသော အခမ်းအနားတွင် အခုလို ထည့်သွင်းပြောကြားခဲ့ပါတယ်။

"၂၀၀၄ခုနှစ် မေ၁၇ရက်က စတင်ကျင်းပပြုလုပ်လာခဲ့သည့် အမျိုးသားညီလာခံကြီးသည် ယနေ့တွင် ညီလာခံကြီး၏ အစိတ်အပိုင်းတစ်ခု၊ တစ်နည်းအားဖြင့် ညီလာခံကြီး၏ ကဏ္ဍတစ်ရပ်ပြီးဆုံးခဲ့ပြီဖြစ်သဖြင့်ခေတ္တရပ်နားကြမည်ဖြစ်ကြောင်း၊ အစည်းအဝေးကြီး၏ ပွဲဦးထွက်အစပိုင်း ကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပြီဖြစ်၍ ဤအစည်းအဝေးကြီး အောင်မြင်အောင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအား အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်းကို ပဏာမ ပြောကြားလိုပါကြောင်း။

"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးသော ပထမဆုံး ခြေလှမ်းဖြစ်သည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။ မိမိတို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး ဤညီလာခံကြီးတွင် တိုင်းရင်းသားကိုယ်စားလှယ်များအားလုံး လူထုလူတန်းစားမရွေး အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဖြစ်သည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို နိုင်ငံတော်ရှေ့ရေးအတွက် စေတနာမေတ္တာထားပြီး ဖိတ်ကြားခဲ့ပါကြောင်း။

ယခုညီလာခံကြီးကိုတက်ရောက်လာကြသည့် ကိုယ်စားလှယ်ကြီးများ အချို့သည် ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ ကုန်းကြောင်းတစ်တန်၊ ရေကြောင်းတစ်တန်၊ လေကြောင်းတစ်တန်နှင့် ခက်ခက်ခဲခဲ မရောက်ရောက်အောင် အားခဲပြီး တက်ရောက်နေကြခြင်းဖြစ်ပါကြောင်း။ တချို့ ရောဂါဝေဒနာရှင် ခံစားနေရသည့် အသက်အရွယ်ရနေသော ကိုယ်စားလှယ်ကြီးများသည်ပင်လျှင် ဖိတ်စာရသည်နှင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြပြီး နိုင်ငံတော်အရေးမို့ မိမိတို့အသက်ဘေးကိုပင် မငဲ့ကွက်ဘဲ ဘီးတပ်ကုလားထိုင်(Wheel Chair)တစ်မျိုး၊ ချိုင်းထောက်တစ်ဖုံနှင့် စုံညီအောင် တက်ရောက်လာခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တချို့မှာ နီးလျက်နှင့်ဝေးနေပြီး ဖိတ်ကြားလျက်နှင့် မတက်နိုင်သူ၊ မတက်ရောက်သူများလည်း ရှိပါကြောင်း။

အစိုးရနှင့်ပြည်သူဆိုသည်မှာ မိဘနှင့်သားသမီးလိုပင် ဖြစ်ကြောင်း၊ မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ဖြူသည်၊ မည်းသည် မခွဲခြားဘဲ တူညီသော မေတ္တာထားပြီး ဆင်စီး၍ မြင်းရံသည်ကို မြင်ချင်ကြတာချည်းပင် ဖြစ်ကြောင်း၊ မိမိတို့ အိမ်ထောင်စုအတွင်း ပြန်ကြည့်လျှင်ပင် မိဘ၏ အခြေအနေအရပ်ရပ်ကို သိရှိနားလည်ပြီး ညှာတာစာနာတတ်သော သားသမီးရှိသကဲ့သို့ မိမိတို့ လိုတာမရသဖြင့် စိတ်ဆိုးစိတ်ကောက်သော သားသမီးမျိုးလဲ ရှိတတ်ပါကြောင်း၊ မိဘဆိုသည်မှာ စိတ်ထားတစ်မျိုးတည်းပင် ထားပါကြောင်း၊ မည်သည့် သားသမီးကိုမျှ သာစေ၊ နာစေ၊ ပိုစေ၊ လိုစေ ဆိုသည်မရှိပါကြောင်း၊ သားသမီးအပေါ် ထားရှိသည့် မိဘ၏မေတ္တာစေတနာသည် မျဉ်းဖြောင့်တစ်ကြောင်းလိုပင်ဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အစိုးရ၏ တူညီသည့် စေတနာဖြစ်ပါကြောင်း။"

ဒါကြောင့် ဒီကနေ့ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပ အကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေတဲ့ သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၏ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇူလိုင်၁၅ရက်ကကျင်းပရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုမောင်က နိုင်ငံသားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားစဉ်။ (က-ပ)

ကမ္ဘာ့နို့ချိုတိုက်ကျွေးနေ့ အထိမ်းအမှတ် စမ်းချောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ "လုံခြုံ စိတ်ချ ပြည့်ဝရေး မိခင်နို့သာတိုက်ကျွေးပေး"ဆောင်းပါးရေး ပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်က အထက(၂) စ ပယ် ဆောင်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေကြီးက ဆောင်းပါးရေးသား ယှဉ်ပြိုင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (၁၂၉)

☆ ကျောဖုံးမှ

ပုဂံညောင်ဦးဒေသသည် မိုးနည်းပါးသည့်ဒေသ၊ ဤဒေသတစ်ဝိုက်ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်ကြီးထဲမှ ရေကိုမြင်နေရသော်လည်း သီးနှံစိုက်ပျိုးရေးအတွက် အသုံးချ၍မရ။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မြောက်မြားစွာသော ငွေကြေးအကုန်အကျခံ၍ မြစ်ရေတင်စီမံကိန်းကြီးများကို ဤဒေသတွင် ပြုလုပ်ပေးခဲ့သည်။ ငါ့သရောက် မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ ကျောဇီမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင်၊ အောက်ညဉ့် (သူကောင်းတည်) မြစ်ရေတင်၊ ကျောက်ကူး(ပုဂံ) မြစ်ရေတင် စသည့်တို့သည် လျှပ်စစ်အားဖြင့် ရေတင်နိုင်သည့် မြစ်ရေတင်စီမံကိန်းကြီးများဖြစ်သည်။

ဒေသဝမ်းစာဖူလုံ

အောက်မှရေကို အထက်သို့ ပင့်တင်ရ၍ ထပ်ဆင့်ရေတင်စခန်းများဖြင့် ခက်ခဲစွာပြုလုပ်ပေးရသည်။ ယခုမူ မိုးမရွာလည်း စိုက်ပျိုးရေရခဲ့ပြီ။ စပါးမစိုက်ခဲ့ရသည့်ဒေသများ၊ ယာသီးနှံဖြင့်သာ တစ်နှစ်တစ်သီး စိုက်ခဲ့ရသည့်ဒေသများ ရေရပြီဖြစ်၍ ရေများများအသုံးပြုရသောစပါးကို စတင်စိုက်နေကြပြီ။ မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီမြစ်ရေတင် စီမံကိန်းနယ်မြေရှိ တမိုက်သာကျေးရွာတစ်ဝိုက်မှ စပါးခင်းသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နည်းပညာပေးမှုဖြင့် စိမ်းစိုအောင်မြင်နေပေပြီ။ ဧက လေးထောင်ကျော် တစ်ကွင်းတစ်စပ် စိုက်ထားကြသည်။ တောင်သူဦးကြီးများ၊ ယာသမားများဘဝမှ တောင်သူလယ်သမားဘဝသို့ ရောက်ခဲ့ကြပြီ။ ဒေသဝမ်းစာဖူလုံအောင် ဆောင်ရွက်နိုင်ကြတော့မည်။

အားပေးကူညီ

မိမိတို့ ရောက်ရှိနေသည့် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် ဒေသသည် မြေက သဲဆန်သည်။ စပါးစိုက်ရေးဆွေးနွေးကြစဉ်က ယာသီးနှံကိုသာ စိုက်ပျိုးနေကြသည့် တောင်သူများက ဖြစ်ပါ့မလားဟု သံသယရှိကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းနှင့် စိုက်ပျိုးရေး ပညာရှင်များသည် အတွေ့အကြုံ များစွာရှိပြီးဖြစ်၍ လယ်သမားဖြစ်လာတော့မည့် တောင်သူများကို အားပေးကူညီခဲ့ကြသည်။ သဲဆန်မြေတွင် ဒေသထွက် သဘာဝမြေဆွေး၊ နွားချေးထည့်ခြင်း၊ နုန်းမြေသားထည့်ခြင်း၊ ရေတင်ရေသွင်း၊ နုန်းသွင်း မကြာခဏပြုလုပ်ပေးခြင်းဖြင့် နုန်းတက်လာစေသည်။ ဒေသရေမြေနှင့် ကိုက်ညီသော စပါးမျိုးကို ရွေးချယ်စိုက်ပျိုးစေသည်။ ပြီးခဲ့သည့်နှစ်တွင် စပါးဧကတစ်ရာ စတင်စိုက်ခဲ့ကြသည်။

လိုက်နာကျင့်သုံး

ရန်ကုန်တွင် ဇွန်လမိုးသည်းထန်စွာရွာသွန်းနေသော်လည်း ပုဂံတွင် မိုးမရွာ၊ မိမိတို့ရောက်ရှိသည့် ဇွန်လ ၃ရက်တွင် မိုးရွာ၍ ရေပါခဲ့သည်။ လောကနန္ဒာ မြစ်ရေတင် စီမံကိန်း၏ စပါးခင်းသည်အနံ့များငိုက်၍ ပွတ်သီးနေပြီး ရိတ်သိမ်းကြတော့မည်။စပါး၏ မာန်၊ အပင်၏ ဟန်သည် ကောင်းသဖြင့် စပါးမျိုးအမည် စုံစမ်းကြည့်ရာ ရွှေနံ့သာစပါး မျိုးသစ်ဟု သိရသည်။ သက်တမ်းရက် ၁၀၀ရှိသည့် ရွှေနံ့သာစပါးကို ပန်းတိုင် အထွက်နှုန်းရရှိရေး၊ သီးထပ်ရင် စပါးမျိုးနေရာတွင် အစားထိုးစိုက်ပျိုးရေး၊ အညာဒေသ၊ မြစ်ရေတင်ဒေသများတွင် ဒေသဆန်ဖူလုံမှုရှိအောင် စိုက်ပျိုးရေး၊ သက်တမ်းတိုစပါးဖြစ်၍ သီးထပ်စိုက်ပျိုးရေး၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးရေးတို့ကို မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက နည်းပညာပေးလျက်ရှိရာ လယ်သမားများက လိုက်နာကျင့်သုံးကြသည်။

နူးညံ့ပျော့ပျောင်း

ဦးအောင်မြင့်၏ လယ်ကွင်းတွင် စိုက်ပျိုးထားသည့် ရွှေနံ့သာစပါးကို အထွက်ခန့်မှန်းကြရာ တစ်ဧကတင်းတစ်ရာကျော် ထွက်ရှိနိုင်ကြောင်း သိခဲ့ရသည်။ စပါးစေ့က ရှည်သွယ်သည်။ ဧည့်မထမျိုးအုပ်စုတွင်ပါသည်။ ဆန်က နူးညံ့ပျော့ပျောင်းသည်။ တစ်ဧကကောက်ကွက် တစ်သိန်းနှစ်သောင်း၊ အနှံပါပင်ပွား ရှစ်မှ ကိုးအထိရှိသည်။ တစ်နှံပါအောင်စေ့မှာ ၁၀၅ စေ့ရှိသည်။

စပါးမျိုးသစ်

ရွှေနံ့သာ စပါးမျိုးသည် အထွက်ကောင်းစပါးမျိုးဖြစ်၍ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် နည်းပါးသည်။ ရွှေနံ့သာစပါးကို ၂၀၀၃ ခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်း ရွှေနံ့သာကျေးရွာ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စိန်အင်တာပရိုက်တို့ ရွှေနံ့သာစိုက်ခင်းတွင် စမ်းသပ်စိုက်ပျိုးခဲ့ကြသော စိုက်လိုင်စပါးမျိုးများမှာ ရွေးချယ်ထားသည့် စပါးမျိုးသစ်ဖြစ်သည်။

မိမိတို့သည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၆ရက်ကလည်း ရွှေနံ့သာကျေးရွာတွင် မျိုးပွားစဉ်က သွားရောက်လေ့လာခဲ့ကြဖူးသည်။ ယခုမူ မိမိ၏ ရှေ့မှောက်တွင် ဖြစ်ထွန်းအောင်မြင်နေသော တောင်သူလယ်သမား စိုက်ပျိုးထားသည့် ရွှေနံ့သာစပါးကို မြင်တွေ့နေရပြီ။ ဒေသဆန်ဖူလုံရေး ထောက်ကူပေးမည့် သက်တမ်းတိုအထွက်ကောင်း၊ စားကောင်းရွှေနံ့သာစပါးမှာ အညာတစ်ခွင်၌ တိုးချဲ့စိုက်ပျိုးကြတော့မည်ဖြစ်ကြောင်း သတင်းစကား ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနေသော ရွှေနံ့သာစပါးမျိုးသစ် အထွက်ကောင်းစပါးကို စံကွက် မရိတ်သိမ်းမီ စပါးစေ့အောင်နှံများ စစ်ဆေးနေသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းအား လယ်သမားဦးအောင်မြင့်နှင့် စိုက်ကွင်းတာဝန်ခံတို့က ရှင်းပြစဉ်။

ဓာတ်ပုံမှတ်တမ်း–ကိုရဲ (စိုက်ပျိုးရေး)

ညောင်ဦးမြို့နယ်တွင်းကျေးရွာမှ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းရေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော လယ်သမားဦးအောင်မြင့်၏ သက်လျင် ရက် ၁၀၀ ရွှေနံ့သာစပါးမျိုးသစ်စိုက်ခင်း၏ အခြေအနေကို ၂၀၀၄ခုနှစ် ဇွန်လအတွင်းက ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း–ကိုရဲ (စိုက်ပျိုးရေး)

ရွှေညောင်–နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ရထားပို့ဆောင်ရေးဒုတိယဝန်ကြီးဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် ဇူလိုင်၁၂ရက်က တောင်ကြီးမြို့ရှိ မြန်မာ့မီးရထားရိပ်သာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက်များကို ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ရွှေညောင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော ပွန်ချောင်း–ထူးကျန့်လမ်းပိုင်း ၅၆ ကီလိုမီတာနှင့် ၆၀ကီလိုမီတာအကြားရှိ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိပြီး ရထားလမ်းကြောင်း တစ်လျှောက် မလွတ်ကင်းသော ကျောက်တောင်များကို ယမ်းခွဲခြင်း၊ မြေသားများကို မြေတူး၊ မြေသယ်စက်ယန္တရားကြီးများဖြင့် ရထားလမ်း တာပေါင်ပြုလုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် ရွှေညောင်–နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ပွန်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ ထိရိ–ပွန်ချောင်းရထားလမ်းပိုင်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်ပြုလုပ်ခြင်း လိုအပ်သည့်နေရာများတွင် တံတားကြီး/ငယ်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထိုနေ့တွင်ပင် ထိရိ–ပွန်ချောင်းရထားလမ်းပိုင်းရှိ ကီလိုမီတာ ၆၁ နှင့် ၆၂ တို့အကြား တံတားအမှတ် (၅၁/ ၅၂/ ၅၆)တို့၏ တည်ဆောက်ပြီးစီးမှုတံတားများ၏ အပေါ်မှမြေဖို့၍ ရထားလမ်း တာပေါင် တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးသည် ဇူလိုင်၁၄ရက် နံနက်ပိုင်းတွင် ပွန်ချောင်းတံတားတည်ဆောက်လုပ်ငန်းခွင်၌ ရွှေညောင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ လုပ်ငန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးညှိနှိုင်း ဖြည့်ဆည်းပေးသည်။

စနစ်တကျ

ဒုတိယဝန်ကြီးသည် ဇူလိုင်၁၅ရက်တွင် တောင်ကြီးမြို့မှတစ်ဆင့် သာစည်မြို့သို့ ဆက်လက်ထွက်ခွာ၍ သာစည်ဘူတာ၌ မြန်မာ့မီးရထား၏ တိုင်းအမှတ် (၃)၊ (၄)၊ (၅)၊ (၁၀)နှင့် (၁၁)တို့မှ တိုင်းအရာရှိများအား တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ပြုပြင်ရေး၊ ရန်ပုံငွေများ စနစ်တကျသုံးစွဲရေး တို့ကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ဇူလိုင် ၁၇ရက် (စနေနေ့)မှစ၍ ငါးရက်တိုင်တိုင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဇူလိုင် ၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ၌ မဟာပဋ္ဌာန်းအောင်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၈–၇–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	ရွှေလောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”** (အပိုင်း–၁၀)
၁၂း၁၀	၅။	အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲ
၁၂း၂၅	၆။	မြန်မာရုပ်ရှင် **“ဘယ်ကလာတဲ့အချစ်လဲ”** ဒွေး၊ ထက်ထက်မိုးဦး (ဒါရိုက်တာ–မျိုးမြင့်အောင်)
၁၄း၄၅	၇။	International News
၁၅း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇း၀၀	၅။	ပြည်ထောင်တိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၅	၈။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၅၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းပွင့်”** (အပိုင်း–၃၀)
၁၉း၃၅	၁၃။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၄။	အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (မြောက်ပိုင်း)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှလုံးသားထဲက တစ်ခုတည်းသောအချစ်”** (အပိုင်း–၈)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းဆင်းပွဲများတက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့နံနက် ၈ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၆)၊ အိမ်တွင်းမှုအဆင့်မြင့် အပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၆)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၃၁)နှင့်(၃၂) သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများချီးမြှင့်သည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သင်တန်းသူများအား နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရေးနှင့် ပတ်သက်၍ အသေးစိတ်အမှာစကားပြောကြားပြီး စံပြဆုနှင့် စာပေထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူခေါင်းဆောင်များသို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

သင်တန်းများဆင်းပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်းတွင် တက်ရောက်လျက်ရှိသော အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ ဆင့်ပွားသင်တန်း ဆက်လက်ပို့ချပေးမည့် နည်းပြသင်တန်းသူများ၏ သိုးမွေးထိုးစက်ဖြင့် သိုးမွေးထိုးစက်ဆွဲ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခင်းကျင်းပြသထားသော သင်တန်းသူများ၏ လက်ရာသိုးမွေးအထည်များနှင့် အသင့်ချုပ်ပြီး အဝတ်အထည်များကို အားပေးကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ချင်းပြည်နယ်ရှိ အိမ်တွင်းမှု ကျောင်းများမှ နည်းပြများအတွက် သက်ဆိုင်ရာ ချင်းပြည်နယ်ရှိ အိမ်တွင်းမှုသင်တန်းကျောင်းများ၌ ဆင့်ပွားသင်တန်းများ ဆက်လက် သင်ကြားပြသနိုင်ရန်အတွက် အထူးပြုဘာသာရပ်အဖြစ် လက်တွေ့သင်ကြားလေ့ကျင့်ပေးနေသည့် ကနုတ်ကမာနှင့် ကျောက်စီပန်းချီ သင်တန်း လေ့ကျင့်သည့်နေရာသို့ ရောက်ရှိပြီး သင်တန်းသူများ၏ တစ်ဦးချင်း လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများနှင့် ခင်းကျင်းပြသထားသော သင်တန်းသူများ၏ လက်ရာ ကနုတ်ကမာ ကျောက်စီပန်းချီကားများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

(၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တွင် ဝါဆိုတော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချစာသင် အရှင်မြတ် ၃၀၆ ပါးတို့ကို (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၆ ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၁ ရက် (ဩဂုတ် ၁ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ပဥ္စနိကာယဓမ္မသဘင်တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ သင်္ကန်းဒွိစုံ၊ ထီးနှင့်ဖိနပ်များကို လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားအဆင့်အားကစားစီမံခန့်ခွဲသူများသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၇

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်ခဲ့သော “အမျိုးသားအဆင့်အားကစားစီမံခန့်ခွဲသူများသင်တန်း(၂/၂၀၀၄) (National Sports Administrators Course 2/2004)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းထံသို့ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းပို့ချပေးခဲ့ကြသော သင်တန်းနည်းပြဆရာများအား သင်တန်းသား သင်တန်းသူများက အမှတ်တရလက်ဆောင်များပေးအပ်ရာ ဆရာများကိုယ်စား ညွှန်ကြားရေးမှူးဦးသန်းဇော်က လက်ခံသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်း ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇမ္ဗူရတနာကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်း ဇမ္ဗူရတနာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာသီရိအမှူးပြု၍ သံဃာတော်အပါး ၇၀ကျော်တို့အား ဇူလိုင် ၃၁ရက် (စနေနေ့)နံနက် ၉နာရီတွင် ဇမ္ဗူမင်္ဂလာ ဓမ္မာရုံကြီးတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇူလိုင် ၁၃ ရက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကို လှိုင်မြို့နယ် အလက(၈)တွင် ကျင်းပရာမြို့နယ် ပညာ ရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီက ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ဒေးဗစ်ဘက်ခမ်း လွှဲခဲ့သောပယ်နယ်တီဘောလုံး လေလံတင်ရောင်းချရာ ယူရို၀သန်းအထိရှိလာ

မက်ဒရစ် ဇူလိုင် ၁၅

အင်္ဂလန်အသင်းသည် ယူရို ၂၀၀၄ ကွာတားဖိုင်နယ်ပွဲစဉ်၌ ပေါ်တူဂီအား ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပယ်နယ်တီဘောလုံးကို အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ကန်သွင်းခဲ့ရာ ဂိုးမဝင်ဘဲအပေါ်လေထဲသို့ မြောက်တက်သွားခဲ့သည်။ ယင်းဘောလုံးကို လူတစ်ဦးက ဖမ်းယူသွားခဲ့ရာ ၎င်းဘောလုံးအား ယူရို၁၀သန်းဖြင့် ရောင်းချရန် အင်တာနက်တွင် လွှင့်တင်ထားခဲ့သည်ဟု ဆိုသည်။

ဘက်ခမ်း၏ အဆိုပါ ပယ်နယ်တီဘောလုံးက သူ၏ အင်္ဂလန်အသင်းကို ကွာတားဖိုင်နယ်မှ ထွက်သွားစေခဲ့သည်။ ဘောလုံးကောက်ယူသူများသည် အင်္ဂလန်အသင်းကပွဲတိန် ဘယ်တော့မှမမေ့နိုင်သည့် အမှားတစ်ခုကို အမှတ်တရ ပစ္စည်းအဖြစ် နောက်ဆုံးတန်ဖိုးသတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် အဆိုပါ လေလံတင်မှုသည် စပိန်မှ အင်တာနက်လေလံပစ်သူများ eBay (www.es ebay Com) အဖို့မှ ခေါင်းရှုပ်စေခဲ့သည်။ “စပိန်မှာ ဒီလိုတစ်ခါမှမကြုံဖူးပါဘူးဗျာ” ဟု ကုမ္ပဏီမှ တာဝန်ရှိသူ အင်ဗာဆိုလစ်က စပိန်သတင်းဌာနသို့ ဗုဒ္ဓဟူးနေ့က ပြောသည်။ မိမိတို့သည် အခြားသော နိုင်ငံများရှိ မိမိတို့ဝန်ထမ်းများနှင့်အတူ အဆိုပါ လေလံဆွဲမှုကို စစ်ဆေးနေကြောင်း၊ စည်းကမ်းနှင့်မကိုက်ညီမှုများကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါဘောလုံးသည် အသင်းအမည်၊ နေ့စွဲနှင့် ဘောလုံးပွဲစဉ်နှင့်အတူ တစ်ယူရိုမှ ဈေးစတင်ကာ တနင်္လာနေ့မှ လေလံတင်ထားသည်။၄၈နာရီအကြာတွင် ယူရို၁၀ သန်းအထိမြင့်တက်ခဲ့ပြီး လေလံတင်မှုကို ဇူလိုင်၂၂ရက်အထိ ဖွင့်လှစ်ထားမည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ခရိုအေးရှားအသင်း ဘောလုံးနည်းပြသစ်ရွေးချယ်

ဇာဂရက် ဇူလိုင် ၁၅

ခရိုအေးရှားသည် ပေါ်တူဂီ၌ ကျင်းပခဲ့သည့် ယူရို-၂၀၀၄ မှ စိတ်ပျက် လက်ပျက်ဖြင့် ရာထူးမှထွက်သွားသော အော်တိုဘရစ်၏ နေရာတွင် နည်းပြသစ်အဖြစ် ကစားသမားဟောင်း ဇလတ်ကို ကရင်ဂျ်ကားအား ရွေးချယ်ရန် တင်ပြခဲ့သည်။

ခရိုအေးရှားဘောလုံးအသင်းသည် ၁၉၉၆နှင့် ၁၉၉၈ ခုနှစ်များတွင် ဒီနာမို ဇာဂရက်နှင့်အတူ နည်းပြအဖြစ် ဆောင်ရွက်ကာ ဆုဖလားနှစ်လုံး ရရှိအောင် ကြိုးပမ်းခဲ့သူ ကရန်ဂျ်ဘားအား မဲပေးရွေးချယ်ခဲ့သည်။ ၎င်းသည် ၂၀၀၂ခုနှစ်က အက်ဖ်ဇီဂရက်ဘ်ဖလားကိုလည်း ရအောင် ကြိုးပမ်းခဲ့သူဖြစ်သည်။

၎င်း၏ဘောလုံးသမား သက်တမ်းတစ်လျှောက် ပွဲပေါင်း ၅၅၆ပွဲ ကစားခဲ့ရာ၌ ၂၇၆ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာတစ်လွှား အားကစား

အနယ်(လ်)ကာ အလားအလာကောင်းဆဲ ပြင်သစ်ဘောလုံးနည်းပြသစ် ပြောကြား

ပဲရစ် ဇူလိုင် ၁၄

မျက်နှာပေးခြင်းမခံရသော ပြင်သစ်တိုက်စစ်မှူး နီကိုလတ်ခ်အနယ်(လ်)ကာသည် ပြင်သစ်အမျိုးသားအသင်းအတွက် အလားအလာကောင်းရှိနေဆဲ ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ပြင်သစ်နည်းပြသစ် ရေးမွန်းဒိုမီနက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ပြောကြား

“အရည်အချင်းရှိတဲ့ ဘောလုံးသမားများ ဘာကြောင့် ကွင်း အပြင်ရောက်နေရမှာလဲ။ နီကိုသည် ပြင်သစ်အသင်းအတွက် ကစားရန် အရည်အချင်းများ ရှိကြောင်း၊ ၎င်းသည် ထိုက်တန်သော ရွေးချယ်မှုအတွက် ယင်း၏အသင်းအောင်မြင်ရေး တုံ့ပြန်ပေးလိမ့်မည်ဖြစ်ကြောင်း”ဒိုမီနက်က သတင်းထောက်များအား ပြောကြားသည်။

ငြင်းဆိုခဲ့

ပြင်သစ်နည်းပြဟောင်း ဂျက်ရှီရပ်ဆန်တီနီက အနယ်(လ်)ကာအား ၂၀၀၂ခုနှစ် နို၀င်ဘာလက ယူဂိုဆလားဗီယားနှင့် နောက်ဆုံးချစ်ကြည်ရေးကစားပြီးနောက် စဉ်းစားရန် ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ထိပ်တန်း ဘောလုံးသမားများ ရီးရဲမက်ဒရစ်အသင်းခေါ်ဦးမည်

မက်ဒရစ် ဇူလိုင် ၁၄

ရီးရဲမက်ဒရစ်ဘောလုံးအသင်းဥက္ကဋ္ဌ ဖလောရင်တီနိုပီရက်ဇ်ကပြောကြားရာတွင် လာမည့်ဘောလုံးရာသီမတိုင်မီ ၎င်း၏အသင်းတွင်ကမ္ဘာ့ထိပ်တန်းဘောလုံးသမားများ ခေါ်ယူသွားဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘောလုံးရာသီတိုင်းတွင် ဘောလုံးကစားသမားကောင်းများ ခေါ်ယူခြင်းဖြင့် ဆုဖလားများရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းပီရက်ဇ်က ပြောသည်။

နှစ်စဉ်ဘောလုံးကစားသမားကောင်း တစ်ယောက် ခေါ်ယူသည့် မူဝါဒကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ မိမိအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရခြင်း၏ရလဒ်သည် မိမိအားအခါတိုင်းထက် အလုပ်ပိုလုပ်ရန်ဖြစ်စေခဲ့ကြောင်း၊ မိမိတို့သည် ယှဉ်ပြိုင်စွမ်းအား ကြီးမားသော အသင်းကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲအကြို ဒုတိယခြေစမ်းပွဲယှဉ်ပြိုင် ပဏာမလက်ရွေးစင်ကအဆင့်မြင့်တန်းညွှန့်ပေါင်းကိုအနိုင်ရ

သတင်းဆောင်းပါး–ကိုထွေး၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၄ခု ဩဂုတ် ၂၀ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းဘောလုံးအသင်းများမှ ရွေးချယ်ထားသည့် ညွှန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ပဏာမမြန်မာ့လက်ရွေးစင်အသင်းက လေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ဦးဆောင်ဂိုး

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၁၅ မိနစ်အကြာတွင်ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အောင်ဇော်မျိုးက ကန်သွင်းယူသည်။ ပဏာမမြန်မာ့ လက်ရွေးစင်အသင်းမှ မာလ ပယ်နယ်တီဧရိယာအတွင်း ဘောလုံးဆွဲယူလာစဉ် ညွှန့်ပေါင်းအသင်း နောက်တန်းလူက ကြမ်းတမ်းစွာ ဖျက်ကစားသဖြင့် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ခြင်း ဖြစ်သည်။

အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းက ဂိုးပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး ပြန်လည်တိုက်စစ်ဆင် ကစားသော်လည်း ကွင်းချောနေရာ ဘောလုံးများ လိုရာမရောက်ဘဲ ဆုံးရှုံးသွား ခဲ့ရသည်။ ညွှန့်ပေါင်းအသင်းသည် ဂိုးသွင်းခံလိုက်ရသော်လည်း ကစားပုံ ပျက်မသွားဘဲ ဘယ်ညာ တောင်ပံများသို့ ဘောလုံးဖြန့်၍ အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့သည်။ ကွင်းလယ်ကစားကွက်၌ ညွှန့်ပေါင်း အသင်းက သာလွန်သော်လည်း ပဏာမ လက်ရွေးစင်အသင်းနောက်တန်း၏မာကျောတောင့်တင်းမှုကြောင့် မကျော်လွှားနိုင်ခဲ့ပေ။

ဒုတိယဂိုး

ပဏာမလက်ရွေးစင် အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်မိနစ် ၄၀ တွင် နောက်တန်းဘယ်အစွန်ကစားသူ အောင်ဇော်မျိုး ဘယ်အခြမ်းမှ ဘောလုံးဆွဲယူလာပြီး လူပေးမလိုလိုဖြင့် ဘယ်ခြေဖြင့် တိုက်ရိုက်ကန်သွင်းယူ၍ ရရှိခဲ့ခြင်းဖြစ်သည်။ အောင်ဇော်မျိုးသည် ယနေ့ပွဲတွင် နှစ်ဂိုးသွင်းယူပေးပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ပဏာမလက်ရွေးစင်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

တတိယဂိုး

ပဏာမလက်ရွေးစင်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် မာလ အနေတော် ထိုးပေးသည့် ဘောလုံးကို လူကပ်ထားခြင်းမခံရသည့် ရန်ပိုင်က ဆွဲယူထွက်သွားပြီး ဂိုးသမားနှင့် အနီးကပ် ကန်သွင်း၍ ရရှိခဲ့သည်။ ဂိုးသမား ညီညီထွန်း၏ တည့်တည့်သို့ ကန်မိသော်လည်း ဘောလုံးမလာခင် ကြိုတင်၍ လှဲဖမ်းရန် ကြိုးစားမှုကြောင့် ဂိုးသမား ညီညီထွန်း၏အပေါ်မှ မဆိုသလောက် ကပ်ကျော်ပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ညွှန့်ပေါင်းအသင်း နောက်တန်းလူများ ချေပဂိုး ရလိုစိတ်ဖြင့် တိုက်စစ်၌ လိုက်ပါကစားနေ၍ ဘောလုံးများ မကြာခဏ ပေါက်ထွက်နေခဲ့သည်။

အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းမှ နေသူလှိုင် အနေတော် ထည့်ပေးလိုက်သည့် ဘောလုံးကို စထက်နိုင်ဝင်း ဆွဲယူသွားကာ အပိုင်ကန်သွင်းသော်လည်း ပဏာမလက်ရွေးစင် ဂိုးသမား ကျော်မင်းလှိုင် ပြေးထွက်လာပြီး အစွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို ပဏာမ မြန်မာ့လက်ရွေးစင်အသင်းအား ဆုငွေကျပ်ခုနစ်သောင်း ပေးအပ်ချီးမြှင့်ရာ အသင်းခေါင်းဆောင် စိုးမြတ်မင်း လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

ပယ်နယ်တီဂိုး

ပဏာမလက်ရွေးစင်အသင်းရရှိသော စတုတ္ထဂိုးမှာ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၈၅ မိနစ်တွင် ညွှန့်ပေါင်းအသင်း ပယ်နယ်တီဧရိယာအတွင်းသို့ မာလ ဘောလုံးဆွဲယူလာစဉ် နောက်တန်းလူ ဝင်းမင်းထွဋ်က နောက်မှဖျက်ကစားသဖြင့် ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပယ်နယ်တီ ပြစ်ဒဏ်ဘောကို စိုးမြတ်မင်းက ကန်သွင်းယူရာ ဂိုးသမား ညီညီထွန်း ဆုံးဖြတ်ချက်မှန်ပြီး ပုတ်ထုတ်သော်လည်း ဂိုးဝင်သွားခဲ့သည်။

ပဏာမလက်ရွေးစင်အသင်းသည် တတိယဂိုးရရှိပြီး နောက်ပိုင်းတွင် မင်းသူအစား ဟန်ဝင်းအောင်၊ဇော်ထက်အောင်အစား စန်းမောင်၊ ကျော်ဇင်ဝင်းအစား နိုင်ဝင်း၊ ထွန်းမင်းနိုင်အစား ဇော်ထိုက်တို့ကို လူစားလဲကစားခဲ့သည်။

ထုတ်ပယ်ခြင်းခံရ

ပဏာမ လက်ရွေးစင်အသင်းမှ နောက်တန်းလူ ကျော်ခိုင်ဝင်းက ညွှန့်ပေါင်းအသင်းမှ ကစားသမားကို ကြမ်းတမ်းစွာ ဖျက်ကစားသဖြင့် ကွင်းလယ် ဒိုင်လူကြီးဦးထွန်းထွန်းက အဝါကတ်ပြသတိပေးရာ ကျော်ခိုင်ဝင်းက ဆုံးဖြတ်ချက်ကို မကျေနပ်၍ ဒိုင်လူကြီးအား မချေမငံ ပြောဆိုကာ စောဒကတက်ခဲ့သည်။ ဒိုင်လူကြီးက အဆိုပါ အပြုအမူအပေါ် ထပ်မံ၍ အနီကတ်ပြကာ ကျော်ခိုင်ဝင်းအား ထုတ်ပယ်လိုက်သည်။

နိုင်ငံတကာပြိုင်ပွဲများ၌ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် အပေါ် မကျေနပ်၍ ရန့်ရင်းကြမ်းတမ်း စွာပြောဆိုပြုမူလျှင် အနီကတ်ပြ၍ ထုတ်ပယ်သည့် အစဉ်အလာများရှိရာ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းမှ ဘောလုံးသမားများ သတိပြုရမည့်အချက်ပင် ဖြစ်သည်။

သုံးသပ်ချက်

ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် အမာခံကစားသမားများအားလုံးကို လူစုံတက်စုံ ပွဲထုတ်ကစားသွား၍ ဂိုးပြတ် အနိုင်ရရှိခဲ့သော်လည်း ကစားကွက် အနေဖြင့် အားရဖွယ်မရှိပေ။ လေးဂိုးရရှိခဲ့သည့်အနက် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်ရာ ဂိုးသွင်းစွမ်းရည်လိုအပ်နေဆဲဖြစ်သည်။ နောက်တန်းအင်အား တောင့်တင်းမှုရှိသော်လည်း အလယ်တန်းမှ ဘောလုံးဖြန့်ဝေပေးမည့် Key Player မရှိဘဲ ဖြစ်နေသည်။အထူးသဖြင့် ကစားပုံတည်ငြိမ်မှုမရှိခြင်းနှင့် ရရှိသောအခွင့်အရေးများကို ပိုင်နိုင်စွာ အသုံးချနိုင်ခြင်း မရှိသေးသည့်အချက်ကို လေ့လာတွေ့ရှိရသည်။

ဆုငွေချီးမြှင့်

ခြေစမ်းပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက အနိုင်ရရှိသွားသော ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား ဆုငွေကျပ် ခုနစ်သောင်း၊ အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းအား ဆုငွေကျပ်လေးသောင်းပေးအပ်ချီးမြှင့်သည်။ ။ **(မြန်မာ့အလင်း)**

---

* ကျောဖုံးမှ

အင်ဒိုနီးရှားအသင်းကို နည်းပြဆရာ အိုင်ဗန်ကိုလက်ဗ်က တာဝန်ယူကာ ကိုင်တွယ်နေပြီး အာရှဖလားအတွက် သူ့လူတွေကိုအပြင်းအထန်လေ့ကျင့်စေခဲ့ပြီး ယခုအချိန်တွင် ယှဉ်ပြိုင်ကစားရန်အတွက် အသင့်ဖြစ်နေပြီဟုပြောဆိုသည်။

ထိပ်တန်းအဆင့်

အာရှဖလား ၂၀၀၄ တွင် အင်ဒိုနီးရှားအသင်းနှင့် ပွဲဦးထွက် တွေ့မည့် ကာတာအသင်းသည် ပင်လယ်ကွေ့ဒေသ ပြိုင်ပွဲများ၌ ထိပ်တန်းအဆင့်ရှိသော အသင်းဖြစ်ပြီး လက်ရှိအနေအထားတွင် ခြေစွာနေသော အသင်းလည်းဖြစ်သည်။

ကာတာအသင်းကို ပြင်သစ်နည်းပြဆရာ ထရော့စီးယားက ကိုင်တွယ်နေပြီး ထရော့စီးယား လက်ထက်တွင် ကာတာအသင်းအနေဖြင့် ပြိုင်ပွဲပေါင်း ၂၂ ပွဲကစားခဲ့ရာမှာ ကိုးပွဲနိုင်၊ ရှစ်ပွဲသရေနှင့် ငါးပွဲရှုံးထားပြီး သွင်းဂိုး (၂၇) ဂိုးသွင်းနိုင်ခဲ့သည်။ ဂိုးသွင်းမှုအနေအထား မညံ့သော်လည်း အကောင်း ချည်းမဟုတ်ပေ။

ကာတာနည်းပြ ထရော့စီးယားက သူ့အသင်းသည် အင်ဒိုနီးရှားနှင့် ဘာရိန်းအသင်းတို့ကို အနိုင်ယူကာ ကွာတားသို့ တက်ရောက်မည် ဖြစ်ကြောင်း ပြောဆိုနေသော်လည်း အင်ဒိုနီးရှားအသင်းကို သရေကျအောင်ပင် ကစားရန်မှာ လွယ်ကူလှသည် မဟုတ်ပေ။ ကာတာအသင်းသည် အောင်ပွဲယူလိုစိတ် ပြင်းပြပြီး အသင်းလိုက်စုစည်းညီညွတ်မှုရှိလျှင် အင်ဒိုနီးရှားအသင်းအပေါ် အနိုင်ယူနိုင်သော်လည်း ကာတာအသင်း၏ လက်ရှိအခြေအနေအရ အင်ဒိုနီးရှားနှင့် သရေပွဲသာ ဖြစ်သွားနိုင်သည်ဟု ထင်မိသည်။

အုပ်စု(ဂ)

အာရှဖလား၂၀၀၄ဘောလုံးပြိုင်ပွဲ ဇူလိုင်၁၈ရက်တွင် အုပ်စု(ဂ)မှ ဆော်ဒီအသင်းနှင့် တာ့ခ်မီနစ္စတန်တို့လည်း တရုတ်နိုင်ငံ ချန်ဒူးမြို့ရှိ စီချွမ်စပေါ်စင်တာကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အုပ်စု(ဂ)တွင် ခြေစွမ်းအထက်ဆုံး ဆော်ဒီအာရေဗျအသင်းဖြစ်ရာ ဆော်ဒီအသင်းသည် အာရှဖလားခြေစစ်ပွဲ တစ်လျှောက်လုံးတွင် ရှုံးပွဲမရှိခဲ့သည့် အသင်းလည်းဖြစ်သည်။

ဆော်ဒီအသင်းကို ဟော်လန်နည်းပြ ဂျရတ်ဗန်ဒါလမ်က တာဝန်ယူလျက်ရှိပြီး ယခုနှစ် အာရှဖလားချန်ပီယံအသင်းအဖြစ်လည်း ရေပန်းစားလျက်ရှိသော အသင်းဖြစ်သည်။ ဆော်ဒီအသင်းသည် လျင်လျင်မြန်မြန် တွန်းတွန်း တိုက်တိုက် ကစားတတ်သော အသင်းဖြစ်ပြီး ပြိုင်ဘက်အသင်းများကို မာမာတင်းတင်း ကစားနိုင်သော အသင်းလည်းဖြစ်သည်။

ပထမဆုံးအကြိမ်

တာ့ခ်မီနစ္စတန်အသင်းမှာ အာရှဖလားပြိုင်ပွဲတွင်ယခုနှစ်ခြေစစ်ပွဲအောင်မြင်လာရာ နိုင်ငံတကာအဆင့်ပြိုင်ပွဲများ၌ပထမဆုံးအကြိမ်ရလဒ်ကောင်းတစ်ခုဖြစ်သည်။

တာ့ခ်မီနစ္စတန်အသင်းတွင် အဆင့်မီသော အားကစားသမားများမှာ ရုရှားနိုင်ငံတွင်သွားရောက်ကစားနေကြသည့် ဘောလုံးသမားများကိုသာ အခြေခံကစားမည်ဖြစ်ပြီး ဂိုးသွင်းစွမ်းရည်ထက်မြက်သည့်အားကစားသမားများပါဝင်မှုအားနည်းသည်။

ဆော်ဒီအလေးသာ

အာရှဖလား၂၀၀၄တွင် အင်အားအနည်းဆုံးအသင်းဖြစ်ပြီး ဆော်ဒီအသင်းကိုခြေရည်တူ တိုက်စစ်ဆင်ကစားနိုင်မည့်အသင်း မဟုတ်သဖြင့် ဆော်ဒီနှင့် တာ့ခ်မီနစ္စတန်အသင်းတို့ပွဲတွင်ဆော်ဒီအသင်းပြတ်ပြတ်သားသားအနိုင်ရဖွယ်ရှိကြောင်း သုံးသပ်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ဂူရှူးဆန်းဆို လက်ရည်စစ်ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်နှင့် အမှတ်(၇) ထောက်လှမ်းရေးတပ်တို့ ပူးပေါင်း ဖွင့်လှစ်ခဲ့သော ဂူရှူးဆန်းဆိုသင်တန်းဆင်းပွဲနှင့် သင်တန်းသားများ၏ လက်ရည်စစ်ပြိုင်ပွဲကို ယနေ့နံနက်၇နာရီက သုဝဏ္ဏရှိ မြန်မာနိုင်ငံဂူရှူးအားကစားအဖွဲ့ချုပ် ဆန်းဆိုလေ့ကျင့်ရေးရုံ၌ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်လှအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးသိန်းအောင်၊ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ အမှတ်(၇)ထောက်လှမ်းရေးတပ် တပ်မှူး ဗိုလ်မှူးလှသက်မောင်၊ သင်တန်းနည်းပြများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂူရှူး အားကစားအဖွဲ့ချုပ်မှ မျိုးဆက်သစ် အားကစားသမားများက ဂူရှူးသရုပ်ပြသကြသည်။ ယင်းနောက် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ဂူရှူးအားကစားနည်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမှတ်(၇)ထောက်လှမ်းရေးတပ် တပ်မှူး ဗိုလ်မှူးလှသက်မောင်က ဂူရှူးသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး လက်ရည်စစ်ပြိုင်ပွဲကို ဆက်လက်ကျင်းသည်။

ဆုချီးမြှင့်

လက်ရည်စစ်ပြိုင်ပွဲ အပြီးတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ယင်းနောက် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်လှအောင်က သင်တန်း၌ ကြိုးစားအားထုတ်မှုအကောင်းဆုံးဆုရ သင်တန်းသားသုံးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)** ဆက်လက်၍ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။

အလှူငွေ

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သင်တန်းနည်းပြများသို့ လက်ဆောင်ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အမှတ်(၇) ထောက်လှမ်းရေးတပ် တပ်မှူး ဗိုလ်မှူးလှသက်မောင်က မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်သို့ အလှူငွေကျပ်သုံးသိန်းပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံရယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက သင်တန်းဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တက်ရောက်လာကြသော ဧည့်သည်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(မြန်မာ့အလင်း)**

အာရှဖလားပွဲဦးထွက် တရုတ်နှင့်ဘာရိန်းသရေကျ

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ အုပ်စု(က)မှ တရုတ်နှင့် ဘာရိန်းတို့ နှစ်ဂိုးစီသရေပွဲဖြစ်သွားပြီး တစ်မှတ်စီ ခွဲယူလိုက်ရသည်။

အိမ်ရှင်တရုတ်အသင်းသည် ဘာရိန်းအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခံရပြီးမှ နှစ်ဂိုးပြန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးကာနီးတွင် ဘာရိန်းအသင်းက ဒုတိယဂိုးသွင်းယူနိုင်၍ နှစ်ဂိုးစီ သရေကျခဲ့ရခြင်းဖြစ်သည်။

ဘာရိန်းအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၄၁မိနစ်တွင် မိုဟာမက်ဟာဖေးလ်က သွင်းယူသည်။ တရုတ်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၅၈မိနစ်တွင် ဇောင်ဇီကလည်းကောင်း၊ ဒုတိယဂိုးကို လီဂျင်ယုက လည်းကောင်း သွင်းယူခဲ့သည်။ ဘာရိန်းအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၉မိနစ်တွင် ဟူစိန်အလီက သွင်းယူခဲ့သည်။

အုပ်စု(က)တွင် အိမ်ရှင် တရုတ်၊ ဘာရိန်း၊ အင်ဒိုနီးရှားနှင့် ကာတာတို့ ပါဝင်ကြသည်။ (မြန်မာ့အလင်း)

ဝါဆိုသင်္ကန်းနှင့်ဝါတွင်းသုံးလ စနေနေ့နံနက်တိုင်း ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံတွင် စက်မှုလက်မှုရပ်ကွက် ပါဠိကာရိပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန ဒီဃဘာဏက၊ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိသ ဆရာတော်ကို အမှူးထား၍ ရန်အောင်မြင်ဓမ္မာရုံ အကျိုးတော်ဆောင် လူကြီးများဦးစီး၍ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် ဇူလိုင်၃၁ရက် (စနေနေ့)တွင် မင်းနန္ဒာစာသင်တိုက်မှ သံဃာတော် ငါးပါး၊ ပါဠိကာရိပရိယတ္တိစာသင်တိုက်မှ ဆရာတော် အပါအဝင်ခြောက်ပါး စုစုပေါင်း ပင့်သံဃာ ၁၁ပါးတို့အား ဝါဆိုသင်္ကန်းများ၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ပြီး သာကေတ၊ ဒေါပုံမြို့နယ်တို့တွင် ဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်တို့အား ဒုတိယဝါဆိုလပြည့်ကျော်၇ရက် သြဂုတ်၇ရက်မှစ၍ ဝါတွင်းသုံးလပတ်လုံး အရဏ်ဆွမ်းများ လောင်းလှူမည်ဖြစ်ရာ ဆွမ်းအလှူခံကြွရောက်တော် မူကြပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(က-ပ)

ကျိုက္ကဆံမိခင်နှင့်ကလေး နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၁၇

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၁၀ရက်က စိန်ချယ်လမ်းရှိ နေ့ကလေးထိန်းကျောင်းတွင်ကျင်းပရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားအတည်ပြုကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုရီထံ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ၆ဝနှင့် အသင်းဝင်ကြေးများကို ရပ်ကွက်အသင်းခွဲ အတွင်းရေးမှူး ဒေါ်နီလာမြင့်က ပေးအပ်သည်။

(က-ပ)

ကျွန်ုပ်တို့ထံမှ ... CVC ... 721522

ဗေဒါဝါဆိုသင်္ကန်း

စာရေးတော်ကြီး၊ မြစ်ကြီးနားဒေသအလှူရှင်များအတွက် ... ဖွင့်ပြီ

အမှတ် (၆)၊ (၁၅)လမ်းထိပ်၊ ... လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၄၉၂၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးသူရအောင် C.D.C 30719 ၏ မိသားစု ငွေလွှဲကတ်နှင့် 4 Ticket ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။

မျိုးသူရအောင်

အမှတ် ၈၇၊ရွှေပြည်စိုးလမ်း (၁၄/၂) ရပ်ကွက်၊ တ/ ဥက္ကလာ ဖုန်း-၅၇၉၇၈၄။

ရွှေနတ်သား

ရာဘန်းရှင်ဝှ ကြိုက်သလောက် ...

ရန်ကုန်မြို့ ဖုန်း - ...

၂၀၀၄ခုနှစ်ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်နံနက် ၉နာရီတွင်တောင်ငူတပ်နယ် နယ်မြေခံတပ်ခန်းမ၌ကျင်းပရာ တောင်ငူတပ်နယ်မှဗိုလ်မှူးချုပ်ကျော်အောင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှဦးစီးအရာရှိကြီးများ၊ တပ်နယ် တပ်ရင်း တပ်ဖွဲ့မှူးများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

အစီအစဉ်အရ ဆုချီးမြှင့်ပွဲကျင်းပရာ လူသစ်တန်းအသင်းလိုက်ပြိုင်ပွဲတွင်ပထမ၊ဒုတိယ၊တတိယဆုရအသင်းများ၊ အကြီးတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများ၊ အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုရအသင်းများအားတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီးတံခွန်စိုက်ဒိုင်းဆုရရှိသူများကဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စားတောင်ငူတပ်နယ်မှဗိုလ်မှူးချုပ်ကျော်အောင်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၈၊ မြေကွက်အမှတ်(၁၀/ဈ) ဦးရွှေအမည်ပေါက် မြေပိုင်မြေကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀/ဈ)၊ ပြည်သူလမ်း၊ (၆)ရပ်ကွက်နေ ဦးဝင်းနိုင် MME-474385နှင့် ဒေါ်ခင်မာထူး ၁၂/မရက(နိုင်)၀၅၅၉၀၈တို့က မြေပုံကူးလျှောက်ထားခြင်းနှင့် တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃စီ ၅)၊ မြေကွက်အမှတ် (V°၉၆) Chotic Khaman အမည်ပေါက် မြေကို ဒေါ်တင်တင်နု+၁ (၁၂/တမန(နိုင်) ၀၇၂၂၄၆) အမှတ်၅၁၊ ၁၃၅လမ်းက အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

မွေးနေ့ဆုမွန်

ဗိုလ်ကြီးအောင်ကျော်ထွန်း **M.B.,B.S(D.S.M.A).M.Sc 2 nd year (Surgery)** ၏ ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းရာကျော်အထိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် တိုင်းပြည်အကျိုး၊ သာသနာ့အကျိုး ဆောင်ရွက်နိုင်ပါစေ။

ချစ်တဲ့ ဖေဖေ - ဗိုလ်မှူးကြီးမောင်ပါ
မေမေ - ဒေါ်ခင်ညွန့်မြိုင်
ကိုကြီး - Dr. နိုင်ဝင်း M.B.,B.S (ကျော်ဇေယျာကုမ္ပဏီ)
မကြီး - ဗိုလ်မှူးအောင်ကျော်စိုး-ဒေါ်သီတာလွင် [Ph.D (Physics)]
မလေး - ဗိုလ်ကြီးကျော်ကျော်ထွန်း- Dr. ခင်ညိုမီလွင် [M.B.,B.S.,M.Sc, (Public Health)]
တူမ - ချစ်စုစုလွင်၊ မေမြတ်ဆုပြည့်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ မြို့တော်နေသူများမှ မြေငှားဂရန်ထုတ်ပေးရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့် လျှောက်ထားခြင်း၊ မြေပုံ မြေရာဇဝင်ကူးယူခွင့် လျှောက်ထားခြင်း စသည့်မြေစီမံခန့်ခွဲမှုလုပ်ငန်းကိစ္စအဝဝကို အစဉ်ပြေချောမွေ့စေရန်အတွက် ဤဌာနမှအထူးအလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀-၃-၂၀၀၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းသို့လျှောက်ထားရာတွင် အချို့သောလျှောက်ထားသူများသည် ဌာနသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆောင်ရွက်ခြင်းမရှိဘဲ အကျိုးဆောင်(ပွဲစား)များဖြင့် လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်နေသည့်အတွက် မလိုလားအပ်သည့်ငွေကြေးကုန်ကျမှုများ ပေးအပ်နေရကြောင်း ကြားသိရပါသည်။

၃။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် မြို့တော်နေပြည်သူများမှ မြေငှားဂရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်းနှင့် မြေပုံ မြေရာဇဝင်ကူးယူခွင့်လျှောက်ထားခြင်း စသည့်ကိစ္စများအတွက် သတ်မှတ်ဝန်ဆောင်ခနှုန်းများမှအပ အခြားမည်သည့်ငွေကြေးတစ်စုံတစ်ရာကိုမျှပေးရန်မလိုဘဲ အဆင်ပြေချောမွေ့အောင် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြို့တော်နေပြည်သူများအနေဖြင့် မြေငှားဂရန်ထုတ်ပေးရန်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်းနှင့် မြေပုံ မြေရာဇဝင်ကူးယူခွင့်လျှောက်ထားခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျဖြစ်စေ၊ ဥပဒေအရလွှဲအပ်ထားသည့်ကိုယ်စားလှယ်ပါဝါရရှိသူကဖြစ်စေ ဤဌာနသို့လာရောက်၍ ဆက်သွယ်နိုင်ပါကြောင်း အများပြည်သူသိသာပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

ရက်စွဲ။ ၁၆-၇-၂၀၀၄

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံခရီးသွားရေးဦးပိုင်လီမိတက်

UVE HOLDINGS

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ရန်ကုန် ⇔ဘားအံ၊ ရန်ကုန် ⇔တောင်ကုတ်ဒေသများသို့ ကုန်စည်များကို ဈေးနှုန်းသက်သာစွာဖြင့် လိုရာဌာနသို့အရောက် ပို့ဆောင်ပေးနေပါပြီ။

ဆက်သွယ်ရန်ဖုန်း - ၆၄၀၇၈၈/၆၄၀၇၇၈
၇၂၆၆၃၄ (R)
၉၀ ၅၀ ၁၁၆၅၆

ဗန္ဓုလ (ကုန်စည်)
သီရိမင်္ဂလာလမ်း၊ အင်းစိန်။

ပေါက်တောမြို့နယ်အသင်းဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ပေါက်တောမြို့နယ် သာရေး၊ နာရေးအသင်း(ရန်ကုန်) စတုတ္ထအကြိမ် သင်းလုံးကျွတ် အစည်းအဝေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုပွဲနှင့် အသင်းဝင်များ၏ အသက်(၇၅)နှစ်ရှိ မိဘများအား သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်း ဥသဝတီကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်လိုသူများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သာကေတ မြို့နယ် အခြေခံပညာ အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် ကျောင်းများ ဓမ္မစကြာနေ့ အကြိုဝတ်ရွတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၅ ရက်က ၁ ရပ်ကွက် သာသနာ့ရက္ခိတ ဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ် ပညာရေးမှူး ဦးအေးကြိုင်က ပထမဆု ရရှိသော အထက(၂) ကျောင်းအား ဆုချီးမြှင့်စဉ်။
(၂၅၈)

ကလေးငယ်များအတွက်ကျန်းမာရေးဆိုင်ရာဟောပြော

ရန်ကုန် ဇူလိုင် ၁၇

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၄) Mo. Asia Company Ltd. Dumex က ကြီးမှူးကျင်းပသော ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင်၁၀ရက်က ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုးသန်းက အဖွင့်အမှာစကားပြောကြားသည်။

ဟောပြောပွဲတွင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခဒေါ်ခင်မျိုးရီက ကလေးများ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအကြောင်းကိုလည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ် မင်္ဂလာဒုံမှ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဌာနမှူး ဒေါက်တာကေသီထွန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုအကြောင်းကို Dumex Co.မှ အာဟာရ မန်နေဂျာ ဒေါက်တာဖြူတီကြည်ကလည်းကောင်း ဟောပြောပြီး အလှူငွေများ ပေးအပ်ကြောင်းသိရသည်။

(က-ပ)

တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာစကားပြော သင်တန်းဆင်းပွဲကို ဇူလိုင်၅ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

(က-ပ)

ရောဝတီတိုင်း စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ညောင်တုန်းမြို့နယ် စည်ပင်လုပ်ငန်းများ စစ်ဆေး

ညောင်တုန်း ဇူလိုင် ၁၁

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ဇူလိုင် ၄ ရက်က ရောက်ရှိလာပြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ၊ ညောင်တုန်းမြို့သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ မိုးရာသီ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများ၊ ပျိုးပင်အသစ်များ ပြုစုပျိုးထောင်ထားမှုများနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကျောက်ချောလမ်း အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်လမ်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(ဝ၉၈)

သီပေါမြို့နယ် အမက ကျောင်းဆောင်သစ်ဖွင့် ငွေကျပ် ၃၃သိန်း အကုန်အကျခံဆောက်လုပ်ခဲ့

သီပေါ ဇူလိုင် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု မန်ကောင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၉ နာရီက မန်ကောင်းကျေးရွာ ကျောင်းအဆောက်အအုံသစ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန်ကောင်းကျောင်း အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရင်းဇယားများကို မန်ကောင်း၊ ဂေါ်တန်ကျောက်စခန်း တာဝန်ခံ ဦးစောစံထွန်းအောင်က လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်သို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ မန်ကောင်းကျောင်း အဆောက်အအုံသစ်ကို မန်ကောင်း၊ ဂေါ်တန်ကျောက်မိုင်းစခန်းမှ စေတနာရှင်များနှင့်ကျေးလက်ပြည်သူ၊ ကျောင်းသား၊ မိဘများအပါအဝင် ငွေကျပ် ၃၃သိန်း အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(၁၀၆)**

လွိုင်တပ်ကျေးရွာ စာကြည့်တိုက်ဖွင့်လှစ်

ပင်လုံ ဇူလိုင် ၁၄

လွိုင်လင်ခရိုင် ပင်လုံဒေသ ပန်မုန့်ကျေးရွာအုပ်စု လွိုင်တပ်ကျေးရွာတွင် ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ လွိုင်တပ်ကျေးရွာ စာကြည့်တိုက်ကို ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်းနှင့်လွိုင်တပ်ကျေးရွာ ဥက္ကဋ္ဌ ဦးတီလွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ လွိုင်တပ် စာကြည့်တိုက်အတွက် စာအုပ်စုစုပေါင်း ၂၈၂ အုပ် ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေး အထူးကုသမားတော်အဖွဲ့ တောင်ငူနှင့်ရေတာရှည်မြို့နယ်၌ ကုသပေး

တောင်ငူ ဇူလိုင် ၁၀

ပဲခူးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူးဦးအောင်အောင်၊ တောင်ငူခရိုင်တိုင်းရင်းဆေးမှူး ဦးမြင့်သောင်း၊ ရေတာရှည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းတို့ဦးဆောင်သည့် တိုင်းရင်းဆေး အထူးကုသမားတော်အဖွဲ့သည် တောင်ငူခရိုင် ရေတာရှည်မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များလိုက်ပါလျက် ဇွန် ၃၀ ရက်က ရေတာရှည်မြို့နယ် ရွှေကစောင်းကျေးရွာအုပ်စုနှင့် ခင်တန်းလေးကျေးရွာတို့တွင် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျေးလက်ပြည်သူ ၁၅၀တို့အား ရောဂါအလိုက် ဓိဝိတဒါန ဆေးဝါးကုသပေးကြသည်။

အလားတူပင် တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာအုပ်စု၌လည်း ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့်ကျေးလက်ပြည်သူ ၂၁၂ဦးတို့ကို ဓိဝိတဒါန ဆေးဝါးများကုသပေးခဲ့ကြပြီး ကျပ် ၂၅၀၀၀တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို ကျေးရွာဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ **(၃၇၂)**

မူးယစ်ဆေးဝါး / မှုခင်းကျဆင်းရေး ပညာပေးဟောပြော

သရက် ဇူလိုင် ၁၀

သရက်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူးဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးနှင့် စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် ည ၇ နာရီက တွင်းလည်ဘုန်းတော်ကြီးကျောင်း၌ တွင်းလည်ရွာ၊အုပ်ဖိုတောင်ဘို့ကြီး၊မီးလောင်ရွာ၊ သာစည်ခုံနှင့် သမန်းပြင်ကျေးရွာများမှ ပြည်သူများကို ဇွန် ၁၆ရက်က တလပါး ဘုန်းတော်ကြီးကျောင်း၌ ဘန်းကုန်းကျေးရွာအုပ်စု ပြည်သူများကို မှုခင်းကျဆင်းရေး ပညာပေးဟောပြောကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ကျေးလက်နေပြည်သူများ လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက် လျက် ရှိ ရာ မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး မိုး ကျော် နှင့် တာဝန် ရှိသူများ မှော်ဘီ မြို့နယ် ကြာကန်စုကျေးရွာနေ လယ်သမားကြီးဦးဝင်းကြည်၏ ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ဇူလိုင်၁၃ရက်က ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ခုတ်ထွင်ရှင်းလင်း

ကွမ်းခြံကုန်းမြို့ သန့်ရှင်းသာယာလှပရေး၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ် တားဆီးရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံရှေ့တွင် ဇူလိုင် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ချုံမြက်များ ခုတ်ထွင် ရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေသန့် သုံးစွဲနိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကြီးကြပ်၍ ဒေသခံ ကျောက်တော ကျေးလက်ပြည်သူများနှင့် ပူးပေါင်းကာ နစ်လက်မပိုက်ဖြင့် သွယ်ယူပြီး ရေဂါလန် ၂၅၀၀၀ ဆံ့ရေကန်ကိုဖွင့်လှစ်ပေးစဉ်။ (၂၄၂)

ကြေးတိုင်စိုက်ခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

ပြင်ဦးလွင် ဇူလိုင် ၁၂

စာရင်းဇယားကောက်ချိန်လွန် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းနှင့် ၂၀၀၄ ခုနှစ် အကျဉ်းချုံးကြေးတိုင်စိုက်ခြင်းလုပ်ငန်းဆောင်ရွက်မှုနည်းလမ်း ညွှန်ကြားချက်ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆွေဗောင့်ဇထွေဗောင်၊ မြန်မာ့ကော်ဖီလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးငွေထွန်း၊ ရေအရင်းအမြစ် ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းတို့ တက်ရောက်ကြသည်။ ရှေးဦးစွာ မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကိုဆက်လက်ပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေကြာသက်န်း ကပ်လှူပူဇော်မည်

ရွှေတောင် ဇူလိုင် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာအုပ်စု ငါးဆူတောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကမဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ ဆရာတော်အား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန် သာသနာ့နယ်မြေ ရေးဟောင်းသမိုင်းဝင် မဟာသိမ်တော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိသော ဘုရားရှင်ကိုယ်တော်မြတ်နှင့် ရဟန္တာအပါး ၈၀ တို့ကို ရွှေကြာသက်န်းများ ကပ်လှူပူဇော်မည်ဖြစ်သည်။ ဒုတိယ ဝါဆိုလဆန်း၈ ရက် (ဇူလိုင် ၂၄ ရက်) စနေနေ့ မွန်းလွဲ၁ နာရီတွင် ရွှေတောင်မြို့နယ်အတွင်းသို့ ရွှေကြာ သက်န်းများ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ဒုတိယ ဝါဆိုလဆန်း ၉ရက်(ဇူလိုင်၂၅ ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် မဟာသိမ်တော်ကြီးအနီးရှိ ဓမ္မာရုံ ကျောင်းတော်ကြီး၌ ပင့်သံဃာ ၁၁ပါးတို့အား ဝါဆိုသင်္ကန်းများဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ဆက်ကပ်နိုင်

ဆရာတော်ကြီး ရွှေကြာသင်္ကန်း ကပ်လှူ ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာအပေါင်းတို့ လာရောက် ဖူးမြော်၍ လှူဖွယ်များ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ရွှေမြင့်တင်ကျောင်းတိုက်အတွင်း၌ အသစ် တည်ဆောက်မည့် မဟာ အောင်မြေဘုံစံကျောင်း ပန္နက်တင် မင်္ဂလာနှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဇွန် ၂ ရက်က ကျင်းပစဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

တာချီလိတ်မြို့နယ် အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်များ ကူညီပံ့ပိုးရေးအဖွဲ့၏ လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၇ရက်က ခရိုင်အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ မြင့်အောင် (မောင်မြန်မာ)က အမှာစကားပြောကြားစဉ်။ (၄၂၀)

ရေနံချောင်း မူလတန်းလွန်ကျောင်းဖွင့် ပညာရေးရည်မှန်းချက်များ ရှင်းလင်းပြောကြား

ရေနံချောင်း ဇူလိုင် ၁၃

ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောရွာ အမှတ်(၉၀) အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက်နံနက် ၉နာရီက အဆိုပါ မူလတန်းလွန်ကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်ပညာရေးမှူးဦးခင်မောင်ဌေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်လတ်တို့က မူလတန်းလွန်ကျောင်းဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူ **(အောက်ပုံ)** နှင့် တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်များ ရှင်းလင်းပြောကြားကြကြောင်းသိရသည်။ **(၃၈၃)**

တရားစီရင်ရေးတာဝန်များ ကျေပွန်စွာထမ်းဆောင် တရားရေးဝန်ထမ်းများ စွမ်းရည်မြှင့်မားရေးသင်တန်းဖွင့်

မန္တလေး ဇူလိုင် ၇

မန္တလေး ခရိုင်တရားရုံး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲကို ဇူလိုင် ၃ ရက်က မန္တလေး တိုင်းတရားရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားတွင် မန္တလေးခရိုင်တရားရုံးမှ ဒုတိယဦးစီးအရာရှိ ဒေါ်လေးကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မန္တလေးတိုင်း တွဲဖက်တရားသူကြီး ဦးကြည်သိန်းနှင့် ခရိုင်တရားသူကြီး ဦးတင်ဌေးတို့က သင်တန်းဖွင့်အမှာစကား အသီးသီးပြောကြားကြသည်။

အဆိုပါ သင်တန်းသည် တရားရုံးဝန်ထမ်းများ တရားစီရင်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည် မြှင့်မားစေရန် ရည်ရွယ်၍ သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်းသိရသည်။ **(အောက်ပုံ)(၃၁၁)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ကျင်းပ

ဖားကန့် ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က ဖားကန့်မြို့ အထက ဥရုရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီးတင်ရှိန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေတို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ဆုရသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(က–ပ)**

လှိုင်လင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မိုးရာသီကာလအတွင်း လမ်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အတွက် ဇွန်၁၈ရက်က ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်း ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စီမံချက်နှင့်အညီ ပန်းအလှပင်စိုက်

ပင်လောင်း ဇူလိုင် ၁၁

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပန်းအလှပင် ၅၀၀၀၀ စိုက်ပျိုးရေးအတွက် စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ ဦးဆောင်သောအဖွဲ့ဝန်ထမ်းများက အောင်ပန်း–လွိုင်ကော် လမ်းဘေးရှိ မြို့အဝင်ဆိုင်းဘုတ် ပတ်ဝန်းကျင်တွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ်စည်ပင်)**

စီမံကိန်းသီးနှံစိုက်ပျိုးရေး ဟသ်ာတမြို့နယ်တွင်တာဝန်ပေးအပ်

ဟင်္သာတ ဇူလိုင် ၃

ဟင်္သာတမြို့နယ်၏၂၀၀၄–၂၀၀၅ ခုနှစ် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် နွေသီးနှံ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဇွန် ၂၃ရက်က ဟင်္သာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်တိုးမြှင့်ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအုပ်စု ၁၀၃အုပ်စုမှ ကျေးရွာဥက္ကဋ္ဌများတက်ရောက်ကြသည်။

တာဝန်ပေးအပ်

တာဝန်ပေးအပ်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကျော်မြင့်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဝင်းတို့က စီမံကိန်း လျာထားချက်များအပေါ် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးစိုးသိန်းက တက်ရောက်လာသည့် ကျေးရွာဥက္ကဋ္ဌများကို စီမံကိန်းသီးနှံ စိုက်ပျိုးရေးတာဝန်များ ပေးအပ်ကြသည်။ **(ဝဲပုံ)**

ဟင်္သာတမြို့နယ်တွင် ၂၀၀၄–၂၀၀၅ခုနှစ် မိုး၊ဆောင်းရာသီတွင် စပါး ၁၃၂၁၄၈ဧကေ၊ မိုးကြိုဂုန်လျှော် ဧက ၁၇၀၀၊ မိုးကြိုချဉ်ပေါင်လျှော် ဧက ၁၈၀၀၊ အစေ့ထုတ်ပြောင်း ၈၂၃ဧက၊ ဖူးစားပြောင်းဧက ၃၀၀၀၊ မြေပဲ ၃၉၃၃ ဧက၊နှမ်း ၂၂၉၃ဧက၊ နေကြာ ၂၃၇၈၀ ဧက၊ ပန်းနှမ်း ၆၉၃ဧက၊ မတ်ပဲ ၁၃၅၇၆၁ဧကနှင့် ပဲတီစိမ်း ၂၁၄၄ဧက တို့ကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၃ ရက်က ကြို့ပင်ကောက်မြို့ ရွာမမြောက်ရပ်ကွက် သောက်သုံးရေကန်ဘေး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဦးခိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလှမင်းနှင့် အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် ၁၀ ရပ်ကွက်မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများ စုပေါင်း၍ သစ်ဆိမ့်ပင်နှင့် အရိပ်ရပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (၀၄၀)

ကားစီးလုံးငှားသည်

Zaw Win & ASSOCIATES
Z & A Car Rental
ကားပိုင်ရှင်များ
ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၄၀၅၄၅၊ ၀၉–၈၀ ၂၀၀၉၁

အမည်ပြောင်း

ဦးမင်းဆွေ၏သား အထက ကြို့ပင်ကောက်မြို့ န၀မတန်း(D)မှ မောင်မြရှိန်အား မောင်မြတ်ဆွေ ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်ဆွေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၂၉/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ စာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
မြို့နယ်စာရင်းစစ်အရာရှိ	(က) ဝါဏိဇ္ဇဘွဲ့ရရှိပြီး၊လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ၊ (ခ) အထက်ပါဘွဲ့နှင့် လက်မှတ်မရရှိသော စာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ ဒေသဆိုင်ရာစာရင်းရုံးများမှ ဝန်ထမ်းဖြစ်ပါက တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းစစ်မှူး ရာထူး(လစာနှုန်း၆၀၀၀–၁၀၀–၆၅၀၀)၌ လုပ်သက်(၅)နှစ်ရှိသူ။	၄ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၉–၈–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) စာရင်းစစ်မှူးရာထူး၌ ဌာနတွင်းလုပ်သက် (၅) နှစ်ရှိကြောင်း ဖော်ပြရန်လိုအပ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉–၈–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်** ရေးဖြေစာမေးပွဲစာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉–၈–၂၀၀၄ရက်နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂–၉–၂၀၀၄ နေ့နှင့် ၁၃–၉–၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၉–၉–၂၀၀၄ရက်နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ် –၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

နေခြည်ကွမ်းစားဆေးနှင့်ပတ်သက်၍အများသိရှိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့ မလွန်ရပ်ကွက် အမှတ် ၃၂၅၊ ၃၂–လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားနေ ဦးကျော်စိုးဝင်း (MDYNE–၀၀၄၁၂၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့နေ ဦးကျော်စိုးဝင်းသည် အထက်ဖော်ပြပါ "နေခြည်" အမည် စာတမ်းပါ ကုန်အမှတ်တံဆိပ်ဖြင့် အနံ့ အရသာနှင့်ပြည့်စုံသော ကွမ်းစားဆေးများကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်–၃၃၇/၁၉၉၆ ဖြင့်မှတ်ပုံတင်သွင်းကြေညာပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စီမံထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ အထူးလူကြိုက်များပြီး ဈေးကွက်တွင် တွင်ကျယ်စွာ ရောင်းချနေရသည်ကို မသမာသူလူအချို့က "နေခြည်" ကွမ်းစားဆေးကို အများပြည်သူစားသုံးသူများ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်ဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိနေရပါသည်။ မသမာမှုဖြင့် ထုတ်လုပ်ရောင်းချသူများအား ဆက်လက်မပြုလုပ်ပါရန် လေးနက်စွာ သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည်များကို ဆက်လက်တွေ့ရှိနေရပါက ဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ–

ဦးကျော်ဇော LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်–၃၇၉၆)
အမှတ် ၁၆၄(ခ)၊ ၃၃လမ်း၊ ၇၆ x ၇၇ လမ်းကြား
ကဠုဏမဟီရပ်၊ မန္တလေးမြို့။
ဖုန်း–၀၂–၂၃၄၀၈၊ ၀၂–၈၉၁၂၃။

အမည်ဖြည့်စွက်ခြင်း

တောင်ကြီးမြို့ မင်္ဂလာဦးရပ်နေ၊ ဦးရန်ကင်းသမီး မချိုရင် ၁၃/တကန (နိုင်) ၁၉၅၇၁၅ အား မချိုရင်(ခ) မမြတ်မြတ်မိုးဟု ဖြည့်စွက်ခေါ်ပါရန်

မချိုရင်(ခ)မမြတ်မြတ်မိုး။

အမည်ပြောင်း

ပြည်မြို့၊ အမှတ် ၅၊ သီရိလမ်း၊ ဂေါက်ကွင်းရပ်နေ (အဖ) ဦးဝမ်းတင်၏ သမီး မစန်းစန်းထွေး၊ ၈/မထန (နိုင်)၀၈၁၃၇၉ အား မစန်းစန်းမွှေးဟု အမည်ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်၊ အိမ်အမှတ် ခ/၈၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်လှ၏ သား မောင်မြင့်ခိုင်ဦး ၁၃/တကန(နိုင်)၁၃၃၅၇၀သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘော အလျောက်ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ (၎င်းနှင့်ပတ်သက်သည့်ကိစ္စတာဝန်မယူပါ။)

ဒေါ်ခင်လှ ၁၃/တကန(နိုင်)၁၃၄၆၀၂
တောင်ကြီး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စတ/၁၀၈၇ အမျိုးအမည်၊ ဟွန်ဒါ VIVA BY 100 အမျိုးအစား၊ မော်တော်ဆိုင်ကယ်အား စစ်တွေမြို့ လမ်းမကြီး၊ ရူပမြောက်ရပ်ကွက်နေ ဦးကျော်နီ အမျိုးသားမှတ်ပုံတင်အမှတ် ၁၁/ရသတ (နိုင်) ၀၀၀၄၂၅ က (ကမ–၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ပြည်နယ်ရုံး၊စစ်တွေ။**

ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာများအတွက်အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်ကြောင်း နှိုးဆော်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်နယ်၊တိုင်းများရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုထားပြီးဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၅၀မှ လူငယ် ၁၃၃၉၁ဦး၊ မျက်မမြင်ကျောင်းလေးကျောင်းမှ ၃၁၈ဦး၊ နားမကြားကျောင်း တစ်ကျောင်းမှ ၁၅၆ဦး၊ ဘိုးဘွားရိပ်သာ ၃၉ခုမှ ဘိုးဘွား၁၉၁၅ဦးနှင့် စေတနာ့ဝန်ထမ်းအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ၁၀ကျောင်းမှ ၈၀၄ ဦး စုစုပေါင်းစေတနာ့ဝန်ထမ်း အဖွဲ့အစည်း ၂၀၄ခုမှ လူဦးရေ ၁၆၅၈၄ဦးကို နှစ်စဉ်ဆန်နှင့် ငွေကြေးများထောက်ပံ့ပေးလျက် ရှိပါသည်။ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှလည်း ဘိုးဘွားများ၊ လူငယ်များ၊ မသန်စွမ်းသူများ၏ ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်သာယာလှပရေးအတွက် ကြိုးပမ်းထမ်းဆောင်လျက်ရှိသော်လည်း ၎င်းတို့အား ပိုမိုကူညီထောက်ပံ့ရန် လိုအပ်လျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသကဲ့သို့ အလှူရှင်၊ စေတနာရှင်များမှလည်း ဆန်၊ ငွေနှင့် ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းရရှိသော ဆန်၊ ငွေနှင့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ တာဝန်ယူခွဲဝေလှူဒါန်းပေးမည် ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

(၁) ဦးမောင်ပီ၊ ရုံးအဖွဲ့မှူးဖုန်း–၆၆၄၃၅၄
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) ဦးဘိုးသန်း၊ ဖုန်း–၆၆၂၅၉၁
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၃) ဦးအေးဝင်း၊ ဖုန်း–၆၆၂၅၈၆
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၄) ဦးစိန်ဝင်း၊ ဖုန်း–၆၆၂၅၉၀
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက–၅၊ ဦးပိုင်အမှတ် (၃၅)မြေကွက်အား ဦးတင်လတ် မှတ်ပုံတင်အမှတ် ၉/မမန(နိုင်) ၀၃၉၈၀၉ မှ အမှုတွဲအမှတ် ၀၆၃၅/၂၀၀၄–၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်–၁၅၀၆၁၆ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးချမ်းမြ
ဖုန်း–၂၁၂၃၂၉

ဖခင်အမည်မှန်

အထက(၁) လမ်းမတော် ဒသမတန်း (ခ) တွင် ပညာသင်ကြားနေသော နော်ထူးဂေရူ၏ ဖခင်အမည်မှန်မှာ စောဟေရှ် ၁၂/လကန(နိုင်) ၁၀၆၂၀၃ ဖြစ်ပါသည်။

အိုလံပစ်နေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲဆုပေး

လပွတ္တာ ဇွန် ၃၀

လပွတ္တာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲကို ဇွန် ၂၂နှင့် ၂၃ရက်က ရဲတံခွန်အားကစားခန်းမတွင် ကျင်းပရာ ကာယအလှမယ် ပေါင်း ၃၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်နန်းမွှမ်းခမ်းက ပထမဆုရရှိသူ မနီလာဖြိုးအား ဆုချီးမြှင့်ပေးအပ်သည်။ **(ဝဲပုံ)**

ဒုတိယဆုရမပန်းဖြူမွှေး၊တတိယဆုရမမြနှင်းပွင့်၊ စတုတ္ထဆုရ မအိအိမွန်နှင့် ပဉ္စမဆု မခင်မာဦးတို့အား အသီးသီးဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းဘူးမြို့နယ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းအလှပင်များ မင်းဘူး–စကုသွားလမ်းဘေး ဝဲ/ယာတွင် ဇွန် ၂၃ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် အမှတ်(၄)ရပ်ကွက်ပြည်သူများနှင့် စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေးဟောပြောပွဲ လှိုင်းဘွဲ၌ကျင်းပ

လှိုင်းဘွဲ ဇွန် ၂၅

လှိုင်းဘွဲမြို့နယ် အမျိုးသမီးရေးရာကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း (အခြေခံပညာအထက်တန်းကျောင်းခွဲ)ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးဆရာမ ဒေါ်နန်းမြင့်စိန်က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေး၍ လည်းကောင်း၊ ဘားအံမြို့ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှ ဦးစောသီဟအောင်က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်တားဆီး ကာကွယ်ရေးဆိုင်ရာ ကွန်ဒုံးအသုံးပြုပုံကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

(မြို့နယ်ပြန်/ဆက်)

မန်စီ မြို့မဈေး ကွန်ကရစ်လမ်းခင်း

မန်စီ ဇွန် ၁၀

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဇွန် ၃ရက်က မြို့မဈေးလမ်းအကျယ် ခြောက်ပေနှင့် အရှည်ပေ ၁၀၀ ကွန်ကရစ်ခင်းခြင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမိုးလွင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ရောင်းချ

လားရှိုးမြို့ မြို့မဈေးတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံးမှ ကြီးကြပ်၍ GEC ဖယောင်းတိုင်များကို အများပြည်သူများသို့ ဇူလိုင်၃ရက်က ဖြန့်ဖြူးရောင်းချပေးစဉ်။
(က–ပ)

ကျိုက်လတ်မြို့နယ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ်ခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပရာ မြို့နယ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပညာရည်ချွန်ဆုပေးအပ်ပွဲတွင် ဆုရသူများကို ဆုချီးမြှင့်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစိန်က သုံးဘာသာဂုဏ်ထူးရှင် မနှင်းဝတ်ရည်အား ဆုချီးမြှင့်စဉ်။
(၀၅၈)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ၁ရပ်ကွက်၊ သုမိတ္တာ ၂၂လမ်း၊ အမှတ် ၈၅၄၊ မြောက်ဥက္ကလာပနေ ဦးလှတင်–ဒေါ်ကျင်နွဲ့တို့၏သား

မောင်သန့်ဇင် (Fame Pharmaceuticals Co.,Ltd.) နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဟိုက်(၂)ရပ်ကွက်၊ နမ္မတူမြို့နေ ဦးညွန့်အောင်–ဒေါ်စမ်းသွင်တို့၏ ဒုတိယသမီး

မဆုဆုအောင်(ခ)ချစ်ချစ် (နည်းပြ၊ဆေးဝါးတက္ကသိုလ်၊မန္တလေး)

တို့သည် ၄–၇–၂၀၀၄ရက်တွင် ရန်ကုန်မြို့နေအိမ်၌ မင်္ဂလာညှော်ခံပွဲ ပြုလုပ်ပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇင်–မဆုဆုအောင်။

မင်္ဂလာဆုတောင်း

ကိုသန့်ဇင်–မချစ်တို့၏ ၄–၇–၂၀၀၄ မှစ၍ ရာသက်ပန်ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေ။ **မသုသုအောင်–ကိုအောင်ဆန်းဦး။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ် ၅၇၉၊ မာဃ ၅လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပနေ (ဦးစိုးအောင်)–ဒေါ်ကြွေတို့၏သား

မောင်သန့်ဇော်ဦး

နှင့်

အမှတ် ၁၈၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးအေးကို–(ဒေါ်အေးရီ) တို့၏သမီး

မတင်တင်ဝေ B.A (Business Management)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၆–၇–၂၀၀၄ ရက်တွင် နှစ်ဖက်မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီး ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇော်ဦး–မတင်တင်ဝေ။

ဝန်ထမ်းအလိုရှိသည်

(မြန်မာ့တိုင်း၌သာ ဝန်ထမ်းရန်)

[illegible] **Mini Market** [illegible]

1. Information & Communication Officer Female (1) Post

[illegible]

2. Sales trainee Male/Female (20) Posts

[illegible]

3. Cashier Female (11) Posts

[illegible]

4. Admin Staff Female (2) Posts

[illegible]

5. Ware House Keeper Male (3) Posts

[illegible]

6. Security (5) Posts

[illegible]

7. Helper Male/ Female (1) Post

[illegible]

[illegible]

(၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

သားသား မောင်မင်းထည်ဝါ၏ (၄)နှစ်ပြည့် မွေးနေ့ ၁၈–၇–၂၀၀၄ မှသည် နောင်နှစ် တစ်ရာတိုင်အောင် မိသားစုနှင့် အတူ ဘဝတွင်ပျော်ရွှင်အေးချမ်းစွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေကြီး – ဦးမင်းမင်းဇော် (Myanmar Daewoo Construction Machinery Co., Ltd.)

ချစ်မေမေကြီး – ဒေါ်ခင်သူဇာ (B.A- Law)

ဘိုးဘိုး၊ ဘွားဘွားများနှင့် ဦးဦး၊ ဒေါ်ဒေါ်များ။

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မဒေါ်ဝင်းဝင်းသန်း ၁၂/တမန(နိုင်)၀၀၀၂၈၁၈၏ အမှတ် ၁၂၃၃၊ ရာဇသင်္ကြန်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်နှင့်ပတ်သက်၍ ဒေါ်နုနု ၁၂/လမန(နိုင်)၀၄၃၀၀၂ အား လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ် လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းသန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၇၁၇၈ အမျိုးအမည် ဝီလီ၊အမျိုးအစား–ဂျစ်၊မော်တော်ယာဉ်အား စစ်တွေမြို့ မတ/၁၃၆၊ မောင်မြထွန်းလမ်း မိဖရပ်ကွက်နေ ဒေါ်မူမီနာခါတူ မှတ်ပုံတင် အမှတ် AH-၀၀၇၂၉၉က မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ပြည်နယ်ရုံး၊(စစ်တွေမြို့)။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊စက်ရုံလမ်း တိုက်အမှတ်၁၄၃(ဘီ)၊(၆)ထပ်တိုက်၏ မြေညီထပ်နှင့်(ပထမထပ်)တစ်စုံအား လက်ရှိပိုင်ရှင်ဟုအဆိုရှိသူ ဦးမြင့်ဆွေ၁၂/တမန(နိုင်)၀၉၉၁၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ယနေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းသတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်ချက်ကိုလက်ခံစဉ်းစားမည်မဟုတ်ဘဲ အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **ညွှန်ကြားချက်အရ–**

ဦးအောင်မြတ်ထွဋ် (H.G.P,LL.B)၊ **တရားရုံးချုပ်ရှေ့နေ**

အမှတ် ၉၊(မြေညီ)၊ ၃၄လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ရွှေရွှေနီးခရီး [illegible]

(၇)ရက်အတွင်း၊ [illegible]

☎ 525847

သိပ္ပံကျော်

GCE, MBA

၂၅၁၊ ဗိုလ်ချုပ်လမ်း၊ လမ်း၄၀ထိပ်

ဖုန်း–၂၈၇၆၀၆

ခြံရောင်းမည်

ကိုးမိုင်၊ ဝိဇ္ဇာလမ်း

ပေ ၇၀ x ပေ ၁၄၀

အုတ်တံတိုင်းခတ်ပြီး၊ ရေမီးစုံ

၁၀ ပေ x ပေ ၂၀

အုတ်ညှပ်အဆောက်အအုံပါ

ဖုန်း–၀၉–၉၉–၂၃၈၇၅

THALIA

ကိုယ်အားသစေရာကျန်းမာရေးစခန်း

[illegible]

☎ 525847

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

ဦးအောင်မိုးဦး ၁၂/ရကန (နိုင်)၀၀၁၀၉၅ နှင့် အများသိသာရန်

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်၊ ရာဇာဓိရာဇ်အိမ်ရာ တိုက် ၂၅၄/၀၀၂ ရှိ "အောင်–စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်"၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်နှင်းနွယ်အေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကိုအောင်မိုးဦးနှင့် အများသိသာရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၄/၂၉နေ ဦးအောင်မိုးဦး ၁၂/ရကန(နိုင်)၀၀၁၀၉၅ သည် အောင်–စီမံခန့်ခွဲမှုကုမ္ပဏီ လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်း မဟုတ်၊ ဝန်ထမ်းတစ်ဦးလည်းမဟုတ်၊ ၎င်းအား ဤကုမ္ပဏီမှ မည်သည့်တာဝန်ကိုမျှလည်း ပေးအပ်ထားခြင်းလည်း မရှိသည့်အတွက် သူနှင့်သူ၏ လုပ်ရပ်များသည် အောင်–စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်နှင့် လုံးဝ သက်ဆိုင်ပတ်သက်ခြင်းမရှိပါ။

သို့ပါ၍ ဦးအောင်မိုးဦးအပါအဝင် အောင်–စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက် အမည်ကို ထင်ယောင်ထင်မှားဖြစ်အောင် အလွဲသုံးစားပြု၍ သုံးစွဲ လုပ်ဆောင်နေသူများ၏ ကိစ္စအဝဝကို ဤ အောင်–စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၎င်းတို့အနေဖြင့်လည်း မိမိတို့၏ လုပ်ရပ်ကို ရပ်တန့်ကရပ်ကြပါရန်၊ သို့မဟုတ်ပါက မလွှဲမရှောင်သာ တရားဥပဒေအရ အရေးယူရတော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းလွင်

(B.Sc., R.L)

တရားရုံးချုပ်ရှေ့နေ

အမှတ် ၂၃၊ ၁၃၉လမ်း၊ မအူကုန်းရပ်ကွက်

တာမွေမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၀၀၁၅၆

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်၊ ဗညားဒလအိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအားဝယ်ယူထားသူမှ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်မူရင်း ပျောက်ဆုံးသွားပြီး၊ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်မိတ္တူဖြင့်အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက် နှင့်အခန်းအမှတ်
တိုက်– ဘီ ၁ အခန်း – ၂၄၊ (၁၁၂)	ဦးမြင့်သိန်း ၁၂/တမန(နိုင်) ၀၂၁၁၅၄	ဦးကျော်မင်းဦး+၁ ၁၂/တမန(နိုင်) ၀၉၈၆၆၇	

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၆၂

၁။ ဒေါ်ငြိမ်းအေး		**နှင့်**	ဒေါ်စန်းမြင့်
၂။ ဦးတင်အောင်စိုး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ငြိမ်းအေး) အမှတ် ၅၄၊ ဝေဇယန္တာလမ်းကွဲ၊တံအိမ်ရာ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။			အမှတ်(၉)၊ ၁၂၂–လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တရားလိုများ			**တရားပြိုင်**

အထက်အမည်ပါ တရားပြိုင် ဒေါ်စန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုများက စရန်ပေးစာချုပ်ပါ သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ပဋိညာဉ်ဖောက်ဖျက်၍ နစ်နာဆုံးရှုံးရသဖြင့် စရန်ငွေ၏ နှစ်ဆဖြစ်သော ကျပ်သိန်း(၃၀၀) လျော်ကြေးငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ်ဇူလိုင် ၂၉ ရက်(၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုများ၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဆွေ

တွဲဖက်တိုင်းတရားသူကြီး(၁၀)

ရန်ကုန်တိုင်းတရားရုံး။

ကျေးဇူးတင်ရှိခြင်း

ကိုအမ္ဗုန်ကျော်

(ပြင်ဦးလွင်)

အသက်(၃၆)နှစ်

၂၃–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ကိုအမ္ဗုန်ကျော်၏ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ရပ်နီး ရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများနှင့် ပြည်ပရောက် လုပ်ဖော်ကိုင်ဘက်များအား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ရွှေရွှေနီးခရီး [illegible]

☎ 525847

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးသိန်း၊ ကထိက၊ဌာနမှူး(ဓာတုဗေဒဌာန)၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ မန္တလေး၏တူမ မအေးမြင့်မြတ်မောင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပထမနှစ် ဆရာ ဆရာမများနှင့်ကျောင်းသူ ကျောင်းသားများ

ဆေးဘက်ပညာသည်တက္ကသိုလ်၊ မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း

နုနုစိန်

အထက (၂) ကမာရွတ် (ယခင်စိန့်ဩဂုတ်စတင်း)

ကျောင်းသူဟောင်း

အသက်(၅၃)နှစ်

သူငယ်ချင်း မမျှော်လင့်ဘဲ(၇–၇–၂၀၀၄) ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ၊ အထက(၂)၊ ကမာရွတ် (ယခင်စိန့်ဩဂုတ်စတင်း)။

ဝမ်းနည်းကြေကွဲခြင်း

ဦးဗလကျော်ဝင်း(2^{nd} Mate F.G) ၏ မိခင် ဒေါ်ခင်မော်မော် (အငြိမ်းစား တွဲဖက်ပါမောက္ခ)သည် ၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

အပတ်စဉ်(၁၄)ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်ထူး (C/O Moon Soon Maritime) ၏ ဖခင် ဦးလှကြည် အငြိမ်းစားရဲမှူးကြီးသည် ၇–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

အပတ်စဉ်(၁၄)ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ။

ရဟန်း၊ကျောင်း၊ထီး၊တံတိုင်းဒါယိကာမကြီး

ဒေါ်စောလှ (ကျောက်မြောင်း)

အသက်(၆၈)နှစ်

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာ၊ မြောက်ကျောင်းနေ ဦးသုန္ဒရ၏ မယ်တော်၊ သရက်ကန်ကျေးရွာနေ ဦးမြင့်မောင်–ဒေါ်လှသန်းတို့၏မိခင်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ–ဒေါ်စန်းယုထွန်း၊ ဦးမြင့်လှိုင်–ဒေါ်မြင့်မြင့်သန်း၊ မစန်းကြည်၊ ဦးခင်မောင်အေး–ဒေါ်ခင်မာ၊ မခင်မာမွေး၊ သရက်ကန်ကျေးရွာနေ ဦးကျော်ဆွေတင့်–ဒေါ်ခင်မာကြည်တို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၅–၇–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးထင်ကျော်

စက်ပြင်(ငြိမ်း) မိတ္ထီလာမြို့

အသက်(၆၇)နှစ်

မိတ္ထီလာမြို့စက်မှုဆည်မြောင်းဝင်းဝန်ဇင်း(၂)နေ ဦးထင်ကျော် ရာသက်ပန်အသင်းဝင် အမှတ်(၃၆၂)သည် ၁၂–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄ရက်တွင် မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဒေါ်အေးညွန့်(ခ)ဒေါ်ရှမ်းမ

မန္တလေးမြို့

အသက်(၆၇)နှစ်

မန္တလေးမြို့ ဝန်ထမ်းရပ်ကွက် စက်တိုင်း(၄)တံခွန်တိုင် ပြည်ကြီးတံခွန်နေ ဦးအေးလွင် စက်မှုကျွမ်းကျင်(၃) ရာသက်ပန်အသင်းဝင်အမှတ်(၁၂၂၇)၏ ဇနီး ဒေါ်အေးညွန့်(ခ)ဒေါ်ရှမ်းမသည် ၁၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၄ ရက်တွင် တောင်မြင့်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးထွန်းလွင်
(ကင်ဘာရာမြို့၊ ဩစတြေးလျနိုင်ငံ)
အသက်(၈၅)နှစ်

ကွယ်လွန်သူဒေါ်ခင်ဥ၏ခင်ပွန်း၊ ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့နေ ဒေါ်မြင့်မြင့်အေး– ဦးစောညို၊ ဒေါ်ခင်အေးလွင်–ဦးစောရွှေ၊ ဒေါ်ခင်မာလွင်–ဒေါက်တာအောင်မြတ်တိုး၊ ဒေါ်မေစီလွင်–ဦးထူးလွင်မြင့်၊ ဒေါ်ခင်စန်းလွင်–ဒေါက်တာတင်ထွန်း၊ ဒေါ်သန်းသန်းလွင်–ဦးယွန်းတန်တို့၏ဖခင်၊ မစောဥမ္မာညို၊ စောကလျာညို၊ မဖြိုးစုမွန်တိုး၊ မမေစန္ဒီမြင့်၊ မောင်ဇာနည်တင်ထွန်း၊ မောင်ဝင်းလွင်တို့၏အဘိုးသည် ၁၃–၇–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကင်ဘာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက်တွင် ကင်ဘာရာမြို့၌ မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလွင်
(ကင်ဘာရာမြို့၊ ဩစတြေးလျနိုင်ငံ)
အသက်(၈၅)နှစ်

ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့နေဦးစောညို–ဒေါ်မြင့်မြင့်အေးတို့၏ ဖခင် ဦးထွန်းလွင် အသက်(၈၅)နှစ်သည် ၁၃– ၇–၂၀၀၄ရက်တွင် ကင်ဘာရာမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးမိသားစု။

ဦးလှပို (ကသာမြို့)
အသက်(၅၂)နှစ်

ကသာမြို့ (ရှေ့နေကြီး ဦးအုန်းဘေ–ဒေါ်ဇင်)တို့၏မြေး၊(ပညာအုပ်ဦးဘ–ဒေါ်သန်းမေ၊ စာတိုက်မှူး)တို့၏သား၊ လားရှိုးမြို့နေ ဦးမောင်ကြီး–ဒေါ်ခမ်းမှုံတို့၏သားသမက်၊ ဒေါ်မြမြသန်း(မြို့နယ်ပညာရေးမှူး၊ မင်္ဂလာဒုံ)၊ ဦးရွှေမိုး(သံမှူးကြီး၊အစ္စလာန်မာဘတ်)–ဒုတိယဗိုလ်မှူးကြီးစန္ဒာတင်(တဆရ–၂)တို့၏မောင်/ညီ၊ ဦးအာကာစိုး၊ ဦးကျော်သန်း–ဒေါ်ဆုရ(အထပြ၊ကသာ)၊ ဒေါ်ခင်ဆုံ(လ/ထ ကထိက၊ ရန်ကုန်တက္ကသိုလ်)၊ (ဦးထွန်းလှိုင်)–ဒေါ်အုန်းတို့၏အစ်ကို၊ မယမင်းဦး၊ မောင်ကျော်စိုးဟိန်းတို့၏ဖခင်၊ တူ တူမ လေးယောက်တို့၏ဦးလေး၊ ဒေါ်ခင်လေး၏ခင်ပွန်းသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ၁၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

Multi-World Trade Co., Ltd. မှ ဦးသိန်းဇော်–ဒေါ်သော်တာတို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်အန်လေဟာ(ခ)ဒေါ်ဟာ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Golden Point Roofing မှ
BOD နှင့် ဝန်ထမ်းများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကံဆိုင်
(ဝါးခယ်မ)
အသက်(၇၇)နှစ်

ဝါးခယ်မမြို့၊ ရွာလယ်ရပ်ကွက်၊ အမှတ် ၈၊ ကန္နားလမ်းနေ ဒေါ်စန်းစန်း၏ ခင်ပွန်း၊ ဒုရဲမှူးအောင်ခိုင်ဦး(တပ်ခွဲမှူး၊တပ်ခွဲ–၁၂၊ ရထားရဲတပ်ဖွဲ့၊ အင်းစိန်)–ဒေါ်ခင်အင်း၊ (ဒေါ်သက်သက်နွယ်)၊ ဒေါ်သီသီနိုင်၊(ရဲတပ်ကြပ်ခင်မောင်မြင့်) – ဒေါ်တင်တင်ဌေး၊ ကိုစိုးလွင်(အမှတ်–၂၊ တပ်ထိန်းတပ်ရေ)–ဒေါ်သီတာဦး၊ မလွင်လွင်မြိုင်တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုးသည်၁၇–၇–၂၀၀၄ရက် နံနက် ၂နာရီတွင် အင်းစိန်မြန်မာ့မီးရထားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မီးရထားအရာရှိရိပ်သာ၊ တိုက် ၁၊ အခန်း ၅နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်မိုး
အသက်(၃၂)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊အမှတ် ၁၂၃၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်းနေ (ဦးညိုအိ)–ဒေါ်ဌေးတို့၏သား၊ ကိုမြတ်မိုး–မသန်းသန်းလွင်၊ ကိုဗိုလ်ကြီး–မခင်မိုးတို့၏ ညီ/မောင်၊ ကိုသန်းနိုင်–မလှလှမိုးတို့၏ အစ်ကိုသည် ၁၇–၇–၂၀၀၄ရက် ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေးအခမ်းအနားများတွင်ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာ ဖြင့် ငှားရမ်းနေပါသည်။နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ဒေါ်သောင်းတင်
(မော်လမြိုင်၊မရမ်းကုန်း)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ်၃၉၈၊ အောင်သိဒ္ဓိလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးသန်းနိုင်(အောင်မော်)၊ ဦးမျိုးသန့်ဆွေ (မင်းမြတ်ဆောင်)–ဒေါ်မြင့်မြင့်သန်းတို့၏မိခင်၊ မခင်ဆွေသက်၊ မောင်ရဲမင်းဟန် (အထက–၃၊ ပုဇွန်တောင်)တို့၏အဘွား၊ ဦးဘသိန်းဖေ(စမ်းချောင်း)၏အစ်မ၊ စာရေးဆရာကြီးမင်းဆွေ၏ ဇနီးသည် ၁၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချစ်တင်
ဒေါင့်ကြီးရာသက်ပန်အသင်းဝင်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဆရာစံမြောက် အရှေ့ရပ်ကွက်၊ အမှတ် ၉၀နေ (ဒေါ်တင်မိဒေါ်ငွေရင်)ဒေါ်စန်းလှတို့၏ခင်ပွန်း၊ ကိုထွန်းအောင်ကျော် (အကနည်းပြ/ယဉ်ကျေးမှု)၊ မမိုးသန္တာ၊ မခင်သူဇာတို့၏ ဖခင်၊ မောင်အောင်မိုး၏အဘိုးသည် ၁၆–၇–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းလွင်
(စိတ်ပညာ၊ ဒုတိယနှစ်)
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုခမ္မာလမ်းမကြီး၊ အမှတ် ၁၂၈ နေ (ဦးထွန်းမြင့်–ဒေါ်ရင်နွဲ့)တို့၏သား၊ ဦးကိုကိုလေး–ဒေါ်လှလှမြင့်(ကံ့ကော်စတိုး)တို့၏မောင်၊ မမဥ္ဇူကို၊ မောင်ရဲဖြိုးမင်း၊ မောင်ကျော်မြတ်ကိုတို့၏ဦးလေး၊ မစုဝေလွင်၏ဖခင်၊ ဒေါ်ခင်စိုးလွင်၏ ခင်ပွန်းသည် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်သန်း (ခတ္တိယ)
(သိန်းသန်းဦးရတနာရွှေဆိုင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်/တောင်ရပ်ကွက်၊ အမှတ် ၈၂၊ ၄ဝါလမ်းနေ (ဦးထွန်းအေး–ဒေါ်နှင်းရွှေ)တို့၏သမီး၊ (ဦးသိန်းလှိုင်၊ စိန်ဂျွန်းဒိုင်အိုကျောင်းဆရာ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးရဲမြင့်လှိုင်(တပ်မှူး)၊ (ဦးရဲညွှန့်လှိုင်)–ဒေါ်ခင်သက်ဆွေ၊ (ဒုဗိုလ်ရဲဆွေလှိုင်)၊ ဗိုလ်မှူးချုပ်မြင့်ဇော်–ဒေါ်အေးအေးဝင်း၊ ဒေါ်မာလာလှိုင်၊ ဦးမောင်မောင်ထွန်း–ဒေါ်သူဇာလှိုင်တို့၏မိခင်၊ ကိုခင်မောင်ဝင်း(A.G.T.I;E.P, B.A)–မနွယ်နွယ်မင်း(B.A)၊ (မောင်ဇော်ရဲထွန်း)၊ မောင်ရဲစည်သူထွန်း(U.S.A)–မပပသင်း(U.S.A)၊ မအိဇာသူထွန်း(B.E; Electronic)၊ မခင်၄ဝါဝါလှိုင်(B.A)၊ မောင်ရဲကျော်စွာလှိုင်၊ မရတနာလှိုင်(2^{nd} Yr; Law)၊ မောင်မျိုးဇော်အောင်(B.Sc)၊ မောင်သီဟအောင်(B.Sc)–မဇင်မေအေး(B.Sc)၊ မောင်နေမျိုးထက်(2^{nd} Yr; Maths)၊ မောင်နေမင်းထူး(2^{nd} Yr; Zoo)တို့၏အဘွား၊ မသင်းအိမ်သူထွန်း၏ဘွားဘွားကြီးသည် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါဖြင့် ၁၈–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်မြင့်ရီ(ခ)မစွက်
ဆားမလောက်၊ ညောင်တုန်းမြို့နယ်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ဗိုလ်ကလေးဈေးလမ်း၊ အမှတ် ၄၇ (မြေညီထပ်)နေ (ဦးချစ်လှ–ဒေါ်ထွေး)တို့၏ သမီး၊ ဦးစိန်လှိုင်(ခ)ဦးတင်ကား၏ ဇနီး၊ ဦးမောင်မောင်မြင့်–ဒေါ်ကျင်ကျင်သန်း၊ ဦးကျော်သန်း–ဒေါက်တာဒေါ်ခင်ကြည်၊ ဦးခင်မောင်အေး–ဒေါက်တာဒေါ်လွင်မာဦး၊ ဒေါ်နီနီဝင်း၊ ဦးမောင်မောင်–ဒေါ်ဝါဝါရွှေ၊ ဦးတင်မောင်ထွေး–ဒေါ်ချိုအေးမိ၊ ဦးမင်းသူ–ဒေါ်ဝါဝါဝင်း၊ ဦးယဉ်ထွေး–ဒေါ်ခင်မျိုးဦးတို့၏မိခင်၊ မြေး၁၅ယောက်တို့၏အဘွားသည် ၁၇–၇–၂၀၀၄ ရက် (စနေနေ့)နံနက် ၆း၃၅ နာရီတွင် ဗဟိုရိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ က် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်ဖုံရွှေ(ခ)ဦးစောဂေးလ်ဘတ်
အသက်(၈၁)နှစ်

ပုသိမ်မြို့၊ ကိုးဆူနေ (ဦးဇော်ဦး–ဒေါ်မယ်တင့်)တို့၏သားကြီး၊ ဒေါ်နော်မူကြီး၏ ခင်ပွန်း၊ နော်အဲလီဇဘက်၊ ဦးမောင်မောင်ကြည်တို့၏ ဖခင်သည် ၁၅–၇–၂၀၀၄ရက် (ကြာသပတေးနေ့) ညဈနာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၀–၇–၂၀၀၄ရက်(အင်္ဂါနေ့) နံနက်၉နာရီတွင် အမှတ် ၉၀၁၊ ၁လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်၌ ဝတ်ပြုဆုတောင်းပြီး နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဘိုရွှေ(ရေဦး)
အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ တရုတ်တန်းလမ်းနေ(ဦးစက်မှုံ–ဒေါ်ဂျမ်းဖြူ)တို့၏သား၊ (ဦးဘထောင်–ဒေါ်သန်းစိန်၊ လေယာဉ်ပျံမှန့်တိုက်)တို့၏သားသမက်၊ ရေဦးမြို့၊ တရုတ်တန်းလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ဦးလှထွန်း၊ဦးခင်မောင်မြင့်၊ဦးအောင်ရှင်(ဦးစီးအရာရှိ၊သစ်တောဦးစီးဌာန)–ဒေါ်စိမ်းမွှေး(လယ်/ပြ၊ငြိမ်း)၊ ဦးခင်မောင်ချို (တောအုပ်၊ သစ်တောဦးစီးဌာန)– ဒေါ်သင်းသင်းခိုင်(လယ်/ပြ၊ငြိမ်း)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၇–၇–၂၀၀၄ ရက် (စနေနေ့)နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရေဦးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထင်အောင်(ဖိုးချို)
အထက(၆)ဗိုလ်တထောင်
ကျောင်းသားဟောင်း
လက်ထောက်ရုံပိုင်၊အပတ်စဉ်(၈)
အသက်(၄၇)နှစ်

(ဦးဘသောင်း–ဒေါ်စောခင်)ဆင်နှစ်ကောင် ဆေးပြင်းလိပ်တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ်၄၄၀(သုံးလွှာ)၊သိမ်ဖြူလမ်းနေဦးရွှေဇန်–ဒေါ်သိန်းညွှန့်တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၇၊ ၈၈လမ်းနေ ဦးတင်ငွေ (ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)– ဒေါ်မြင့်မြင့်သိန်း (ဗိုလ်ချုပ်ဈေးသစ်)တို့၏သားသမက်၊ဦးကြည်ရှိန်–ဒေါ်ရီရီဝင်း၊(ဦးတင်ထွန်း)–ဒေါ်ကြည်ကြည်ဝင်း(TEPM)၊ (ဒေါက်တာကိုမောင်မောင်)–ဒေါ်မဥ္ဇူစီ၊ ဒေါက်တာသိန်းဦး၊ ဒေါ်စုစုသန်း၊ ဦးဇွဲအောင်–ဒေါ်ချိုချိုဖြိုး၊ ဦးသိန်းထူး–ဒေါ်မေနီတင် (အထက–၃ ၊မင်္ဂလာတောင်ညွန့်)၊ ဦးကျော်နိုင်–ဒေါ်ခင်သီသီဇင်တို့၏ညီမောင်၊ ဒေါ်ချိုချိုနွယ် (အလက–သိုက်တူးကန်)၏ ခင်ပွန်း၊ မောင်စန်းပြည့်ထက်၏ ဖခင်သည် ၁၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁း၄၅ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့ (ဒေးဒရဲ)
အသက်(၇၉)နှစ်

မဟာကမ္မဋ္ဌာနာစရိယ ဦးအဂ္ဂဓမ္မ (အာလိန် ငါးဆင့် မဟာဆေးဝက်ဘာ သိဒ္ဓိရှင် ဆရာတော်)၏အစ်မ၊ ဒေးဒရဲမြို့၊ အမှတ် ၁၄၄၊ ဘုရားကြီးကွက်သစ်၊ ၃ လမ်းနေ ဦးစံလင်း၏ ဇနီး၊ ဦးစိန်အောင်မင်း–ဒေါ်လှမြင့် (အထက၊ မူဆယ်)၊ ဦးလှမြင့် (ဒု–မြို့နယ် ဥပဒေအရာရှိ၊ မရမ်းကုန်းမြို့နယ်ဥပဒေရုံး)–ဒေါ်ဌေးဌေးငြိမ်း (အလက–၆၊ မရမ်းကုန်း)၊ ဦးဆန်းတင့် (ဦးစီးအရာရှိ၊ တရားရုံးချုပ်၊ ရန်ကုန်)–ဒေါ်ကြူကြူ (ဒု–ခရိုင်တရားသူကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်)၊ စတင်ရွှေ (အလက၊ မှော်တော)–ဒေါ်မာမာချို (အမက၊ မှော်တော)၊ မောင်ဖုန်းမင်းတို့၏ မိခင်သည် ၁၇–၇–၂၀၀၄ ရက် (စနေနေ့) ညနေ ၃း၁၅ နာရီတွင် အမှတ် ၅၅၀ (က)၊မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် တောင်ဥက္ကလာပ နေအိမ်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးထွန်းဝေ (နတ်တလင်း)
(တပ်မတော်လေ–ငြိမ်း)
အသက်(၇၁)နှစ်

နတ်တလင်းမြို့၊ သာစည်လမ်း၊ မှန်တန်းရပ်နေ(ဦးစိန်ခို–ဒေါ်စောတင်)တို့၏တစ်ဦးတည်းသောသား၊ (ဦးသိန်း–ဒေါ်သန်းကြည်)တို့၏သားသမက်၊အခန်း ၁၀၆၊ တိုက် ၉၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချိုလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ဗဟန်း ရန်ကုန်မြို့နေ ဒေါ်မေသိန်း၏ခင်ပွန်း၊ ကိုဥက္ကာ၊ ကိုခင်မောင်စိုး–မမင်းအေး (Traders Hotel)၊မဇာဇာထွန်း၊ မဇင်မင်းထွေး(Traders Hotel)တို့၏ဖခင်၊ သွန်းရွှေရည်နိုင်၊ ဆုလဲ့နန္ဒာ၊ ဖြူသင်းခိုင်တို့၏အဘိုးသည် ၁၆–၇–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အောင်စိုးဦး
(နဝမတန်း၊ အထက–၈၊
ကျောက်တံတား၊)
အသက်(၁၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ အမှတ် ၂၊ သီရိမင်္ဂလာလမ်း၊ ပထမထပ်နေ ဦးဝေါင်ဆွေရင် (အယိမ်း)–ဒေါ်နန်းခင်လေးရီ(ဒေါ်ခါးခါး)တို့၏ တစ်ဦးတည်းသော သား၊ နန်းအေး သီခိုင်(ဖိန်ဖိန်)၊ နန်းထက်ထက်ခိုင်တို့၏မောင်၊ နန်းအေးမိထွေး၏ အစ်ကိုသည် ၁၇–၇–၂၀၀၄ရက် နံနက်၉း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ရက် (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရန်ကုန် ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှ(ခ)ဦးလှနွယ် (စမ်းချောင်း)
အသက်(၈၇)နှစ်

ပျော်ဘွယ်ကြီးမြို့၊ ထိန်ကုန်းရပ်နေ (ဆရာခိုင်–ဒေါ်ထားတင်)တို့၏ သား၊ မုံရွာ၊ ရွှေလှေမြို့နေ(ဦးပြုံချို–ဒေါ်ငွေလှိုင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေညောင်ပင်လမ်း၊ အမှတ် ၁၁ နေ (ဒေါ်တင်)၏ခင်ပွန်း၊ (ဦးဝင်းမြင့်)–ဒေါ်သန်းသန်းဆင့်၊ဦးသန်းမောင်–ဒေါ်ဌေးဌေးခင်တို့၏ဖခင်သည် ၁၆–၇–၂၀၀၄ရက်(သောကြာနေ့)နံနက်တွင်ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ကြင်အေး (တွံတေး)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် အမှတ် ၂၆၅၊ အခန်း ၁၇ နေ (ဦးဘိုးဝါ–ဒေါ်သဲညွန့်)တို့၏သမီး၊ (ဦးဖွမ်းရှိန်–ဆိပ်ကမ်း ကုန်ဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ ဦးကြင်ရှိန် (ဆလရဝန်ကြီးရုံး၊ ငြိမ်း)–ဒေါ်မြင့်မြင့်သန်း (စိုက်/မွေး)၊ ဦးတင်ဝင်း–ဒေါ်ဝင်းဝင်းအုန်း၊ ဦးနေဝင်းကြည် (လွယ်ဟိန်း)–ဒေါ်လှမြင့် (စက်မှု ဆေးဝါး၊ငြိမ်း)၊ ဒေါ်ခင်အေးမြင့် (အထက–၁၊ ဒဂုံ)၊ဒေါ်တင်တင်လှ၊ဦးစိန်ဝင်းမြင့် (မြန်မာ့ရေနံ)၊ ဦးသိန်းဌေး (စစစ၊ မန္တလေးတိုင်း)–ဒေါ်စမ်းစမ်းမြင့်၊ ဦးတင်မောင်ထွေးတို့၏ မိခင်၊ ဒေါ်နီနီရှိန် (စိုက်/မွေး)၊ ဒေါ်ဖြူဖြူရှိန်(စက်မှု၊ ဆေးဝါး)၊(ဇေယျာရှိန်)၊ဒေါ်အိအိရှိန် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ချောယုယုဝင်း (အထက–၁၊ဒဂုံ၊ကွန်ပျူတာ)၊ မောင်သက်မင်းထွန်း၊ မောင်ဉာဏ်လင်းထွန်း (B.Sc Final)၊ မနှင်းစန္ဒာလှိုင် (I X G အထက–၁၊ဒဂုံ)၊ မခိုင်ခိုင်ဝင့်ရည်(I X F အထက–၁၊ဒဂုံ) တို့၏ အဘွားသည် ၁၅–၇–၂၀၀၄ရက် နံနက် ၀၀း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်အေးမီ (မြောင်းမြ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၅၆ နေ ဦးထွန်းကြည်(ငြိမ်း၊ အုပ်ချုပ်ရေးမှူး၊ မြို့တော်စည်ပင်)၏ဇနီး၊ (ဦးလှစိုး)–ဒေါ်မူမူ၊ ကိုသန်းထွန်းအောင်၊ (ကိုကြည်ထူးအောင်)၊ မခင်သူဇာထွန်း (SPA Co., Ltd.) – ကိုတင်လှိုင် (Suzuki Co., Ltd.)၊ မခင်သီတာထွန်း–ကိုမိုးလွင်(Earth Industrial Co., Ltd.)၊ ကိုကျော်ဇေယျ–မသင်းသင်းဦးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊မြစ်တစ်ယောက်၏အဘွားသည် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသပြင့် ၁၈–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြိုင်(ခ)ဒေါ်ဒေါ်ပုံ
အသက်(၆၀)

သန်လျင်မြို့နေ(ဆေးဆရာကြီးဦးဘခင်–ဒေါ်စိန်ချစ်)တို့၏သမီး၊ ဦးညို–ဒေါ်အုံးပွင့်တို့၏သမီးချွေးမ၊ဒေါ်တင်နု၊ဦးထွန်း–ဒေါ်ခင်အေး၊ ဦးသိန်းဟန်–ဒေါ်အယ်မာ၊ ဒေါ်ခင်ပု၊ ဒေါ်မြကျင်တို့၏ညီမ၊ ဒေါပုံမြို့နယ်နေဦးတင်–ဒေါ်စန်းကြည်တို့၏ အစ်မ၊ ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၆၄၄နေ ကိုမျိုးဆွေ–မစန်းစန်း၊ လှည်းကူးမြို့နေ ကိုမျိုးနိုင်–မသန်းသန်းအေး၊ ကိုထွေးသိန်း–မဇင်မာစိုး၊ မသက်သက်လွင်၊ မခိုင်ခိုင်၊ မောင်ဝင်းဗိုလ်ဗိုလ်တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွား၊ ဦးစံသိန်း(ပြည်တော်သိန်းတွင်ခုံ)၏ ဇနီးသည် ၁၇–၇–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဓမ္မာရုံလမ်းနေ အိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြားဝါး (ပခုက္ကူမြို့)
အသက်(၈၈)နှစ်

ပခုက္ကူမြို့၊ အမှတ် (၉)ရပ်ကွက်နေ ဒေါ်ခင်စော၏ ခင်ပွန်း၊ ဦးဖုန်းလွင်–ဒေါ်ခင်မျိုးနိုင်၊ ဦးအောင်ဇော်– ဒေါ်ခင်မိုးနိုင်တို့၏ဖခင်၊ မောင်စိုးမင်းဦး–မအေးအေးလွင်၊မောင်သန့်ဇင်ထွန်း၊မောင်သက်ခိုင်ဦး၊ မောင်ကျော်သူရ၊ မနန်းဥမ္မာတို့၏အဘိုး၊ မောင်မြတ်ခိုင်စိုး၏ ဘိုးဘိုးကြီး၊ ရန်ကုန်မြို့နေ ဦးသာထွန်း၏ယောက်ဖ၊ ပခုက္ကူမြို့နေ(ဦးအင်ယား)–ဒေါ်စိန်လှတို့၏ ဦးလေး၊ ကိုရန်ပိုင်–မခင်မာချို၊ (ကိုစိုးညွန့်)–မတင်မိုးသက်၊ ကိုတိုးငွေ–မကြင်မြင့်တို့၏ အဘိုးသည် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ပခုက္ကူမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ပု (ဇီးကုန်း)
အသက်(၈၂)နှစ်

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နေ (ဦးသန့်–ဒေါ်ရင်)တို့၏သမီး၊ဦးမြဟန်–(ဒေါ်သိန်းသိန်း)၊ ဦးမောင်စိုး–ဒေါ်ကြည်အောင်၊ ဦးအောင်ချစ်(စက်မှုလယ်ယာ)–ဒေါ်စန်းမြင့်တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ ၆၈၊ လမ်း ၂၀ နေ ဒေါ်တင်မာဝင်း (ကျန်းမာရေးဦးစီးဌာန)၊ ဦးစိုးသိန်း–ဒေါ်ခင်သန်းသန်း၊ ဦးမောင်မောင်စိုး(ဥက္ကဋ္ဌ၊ ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)တို့၏ မိခင်၊ (ဆရာကြီးဦးစံတိုင်)၏ ဇနီးသည် ၁၅–၇–၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ၄နာရီတွင်ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် ၃၁ ၊ရွှေတန်းရှည် ပြည်လမ်း၊ တိုက်ကြီးမြို့မှ တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်လှ
(အငြိမ်းစားကျောင်းဆရာမ)
(စကုမြို့၊မင်းဘူးမြို့)
အသက်(၇၃)နှစ်

စကုမြို့နေ (ဦးဘအို–ဒေါ်စောရှင်)တို့၏ သမီး၊ ဦးလှဖေ၊ (ဦးတင်လှိုင်–ဒေါ်တင်အိ)၊ (ဦးအုန်း–ဒေါ်ဒေါ်ညွန့်)၊ ဦးဘို–(ဒေါ်ခင်ဖိ)တို့၏ညီမ၊ (ဦးသောင်းရွှေ)–ဒေါ်အေးအေးသိန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မိုးစန္ဒာလမ်း၊ အမှတ်၄၁(ဂျီ)နေ ဒေါက်တာ ဦးစိုးမြင့်–ဒေါ်ခင်ခင်ဆွေ၊ ဦးစိုးနိုင်(ခ) ဦးခင်မောင်လတ်တို့၏အဒေါ်၊ တူ တူမ ၁၆ယောက်၊မြေး၁၀ယောက်တို့၏အဘွားသည် ၁၆–၇–၂၀၀၄ရက်(သောကြာနေ့) ညနေ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၇–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

လီကွေ့ရင်း(ခ)ဒေါ်အမွှေး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၊ သရဖီလမ်းနှင့် အမှတ် ၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ် နေ (လီခိုင်းထုံး–ဒေါ်မြပွင့်)တို့၏ သမီးကြီး၊ (တန်နန်ချောင်း–လူချူးလန်)တို့၏ သမီး ချွေးမ၊ (တန်ကြုဖီး(ခ) ဦးကျော်ဝင်း)၏ ဇနီး၊ ချူစေ့လျောင်း– Dr. တင်မေလှ၊ မောင်ဝင်းလှိုင်၊ မယဉ်ယဉ်လှ၊ မပုလဲမေတို့၏ မိခင်သည် ၁၆–၇–၂၀၀၄ ရက် (သောကြာနေ့)တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ် နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ရန်နောင်စိုး(ခ) ကုလားကြီး
(တက–အငြိမ်းစား)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မဟာဗန္ဓုလလမ်း၊ (၃၉–B)ရပ်ကွက်၊ အမှတ် ၂၃၆ နေ ဦးစိုးမြင့်(ရဲစခန်းမှူး၊ အငြိမ်းစား) – ဒေါ်တင်တင်မာ(ခ)ဒေါ်တီတီမာတို့၏သားထွေး၊ ဒုရဲအုပ်ဇာနည်စိုး(ပြည်သူ့လွှတ်တော် ဝင်/ထွက်ခွင့်စိစစ်ရေးအဖွဲ့)၏ညီ၊ ဦးမျိုးစစ်ဦး၊ မသင်းသင်းမွှေးတို့၏ညီ/မောင်၊ မအိသဉ္ဇာမျိုး၏ဦးလေးသည် ၁၃–၇–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁း၄၅ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြိုင်
အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ ၁၇/၈၅၊ တမ္ဗဝတီလမ်းနေ(ဦးချစ်ထွန်း–ဒေါ်ထွန်း မေ)တို့၏တစ်ဦးတည်းသောသမီး၊ ဗိုလ်ကြီး ချစ်ကြွယ်(ငြိမ်း)၏ဇနီး၊ မကြည်ကြည်မြင့်– ဦးလှကြည်၊ မစန်းစန်းအေး၊ မအေးအေးကြွယ်– အောင်စိုးနိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇–၇–၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုအောင်ဇော်ဦး
(သံပန်းသံတံခါး)
အသက်(၄၃)နှစ်

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ပေါက်တပင်ကျေးရွာနေ(ဦးထွေးမောင်–ဒေါ်အုန်းစိန်)၊ (ဦးရွှေထုံး–ဒေါ်ကြွေ)တို့၏ မြေး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၂၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊အမှတ် ၂၇ နေ ဦးလှသိန်း–(ဒေါ်သိန်းမြင့်) (သံပန်းသံတံခါး လုပ်ငန်း)တို့၏ သားကြီး၊ ညောင်လေးပင်မြို့နေ (ဦးအောင်ကြည်ညွန့်)–ဒေါ်ဝင်းစိန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊(၅၀)ရပ်ကွက်နေ ဦးကြည်ညွန့်–ဒေါ်သိန်းဝင်း၊ (ဦးအောင်မြ)၊ ဒိုက်ဦးမြို့နေ (ဦးသန်းမောင်)–ဒေါ်အေးမျှင်၊ ဖောင်တော်သီမြို့နေ (ဦးအောင်ထွန်း–ဒေါ်လှဘု)တို့၏ တူ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၇၁) ရပ်ကွက်၊ဗိုလ်မင်းရောင်(၆)လမ်းနေ မချို၏ခင်ပွန်း၊ မဆန်းသီရိနွယ်၊ မောင်သီဟအောင်၊ မဆုမွန်ဇော်တို့၏ ဖခင်၊ ကိုအောင်နေမျိုး၊မမြင့်မြင့်စန်း၊ ကိုစိုးနိုင်–မသက်သက်မာ(ယဉ်ကျေးမှုတက္ကသိုလ်၊ စာကြည့်တိုက်)၊ ကိုဇော်မိုးအောင်၊ ကိုလှမျိုးအောင်–မသူဇာလွင်၊ ကိုဌေးလှိုင်–မနီလာသိန်း တို့၏ အစ်ကိုကြီး၊ တူ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၁၇–၇–၂၀၀၄ ရက်(စနေနေ့)နံနက်၀၀း၃၀ နာရီ တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ ရက် (တနင်္လာ နေ့)ညနေ ၃ နာရီတွင် ရေဝေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မသီတာကျော်
တတိယနှစ်(Eco)
အဝေးသင်တက္ကသိုလ်
အသက်(၃၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်၁၁ နေ ဦးကျော်ခင်(တိုင်းငွေစာရင်းအရာရှိ၊ ငြိမ်း၊ပြည်သူ့ဆောက်လုပ်ရေး)–(ဒေါ်ခင်လေးငယ်) တို့၏သမီးကြီး၊ မောင်အောင်လင်းထွန်း၊ မသီရိကျော်တို့၏ အစ်မသည် ၁၇–၇–၂၀၀၄ရက် (စနေနေ့) နံနက် ၂နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကို အကြောင်းကြားပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၇–၇–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော မသီတာကျော်အား မကွယ်လွန်မီ နောက်ဆုံးအချိန်အထိ လိုအပ်သည့် အကူအညီများပေးခဲ့သော ရောဂါဗေဒဌာန ရန်ကုန်ပြည်သူ့ဆေးရုံမှ ဆရာဝန်မကြီး၊ ဓာတ်မှန်ဌာန ကလေးဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့် အတတ်နိုင်ဆုံးကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနနှင့် အဆောင်(၂)မှ ဆရာ၊ ဆရာမ၊ သူနာပြုများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
မအေးမီမြတ်သူ
အသက်(၂၈)နှစ်

မရမ်းကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်မင်္ဂလာလမ်းသွယ်၊ ခြံအမှတ် ၇/ကနေ ဦးဝင်းဟုန်–ဒေါ်ရီရီမေ အသင်းဝင်အမှတ် (၅၅)တို့၏သမီးသည် ၁၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေ ဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက်၉း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ရှုဝံကြယ်အလား မြန်မာပြည်မြောက်ဖျားစွန်း၌ တောက်ထွန်းလာနေသော ပန်နန်းဒင်(၁)

ပန်နန်းဒင်သို့



သတင်းဆောင်းပါး – တက္ကသိုလ်မြတ်သူ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အစွန်းဒေသတွင် ရာဆာဒန်စခန်းရှိသည်။ ထိုစခန်းသည် နိုင်ငံတော်၏ မြောက်ဖျားစခန်းဟု ဆိုနိုင်သည်။ ထိုမှတောင်ဘက်တွင် တဟွန်ဒန်၊ တလာထူ၊ တဇူထူ၊ ငါဝါ၊ တဖွန်ဒန်၊ ဂူဘ စသည့်ရွာငယ်ကလေးများရှိ၏။ ငါဝါရွာ၏ အရှေ့ တောင်ယွန်းယွန်းမှ ပန်နန်းဒင်ရွာကလေးသည် ယခုအခါ ရွာမဟုတ်တော့ပေ။ မြို့အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ မြို့အနေဖြင့် မြန်မာနိုင်ငံ၏ မြောက်ဘက် အစွန်ဆုံးမြို့ဟု ဆိုရပေမည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ၂၂-၇-၂၀၀၂ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပန်နန်းဒင်ရွာကို ပန်နန်းဒင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ပန်နန်းဒင်မြို့အဆင့် သတ်မှတ်သောနေ့မှာ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ပင်ဖြစ်သည်။

ညဘက်ခရီးသွားလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မျက်နှာများကို မျက်စိလည်မှားလေ့ရှိကြသည်။ နေ့ခင်းဆိုလျှင် နေထွက်ရာ(အရှေ့)၊ နေဝင်ရာ (အနောက်) အရပ်မျက်နှာကိုသိလျှင် လက်ဝဲဘက်၊ လက်ယာဘက်တို့၌ တောင်နှင့် မြောက်အရပ်ရှိကြောင်း သိနိုင်သည်။ လထွက်သော ညမှာဆိုလျှင် လထွက်ရာ၊ လဝင်ရာ အရှေ့၊ အနောက်ခွဲခြားသိနိုင်သည်။

နေဝင်ပြီး အမှောင်လွှမ်းသော ည၊ လကလည်း မိုက်သောညဆိုလျှင် မိုးကုပ်စက်ဝိုင်းတစ်နေရာမှ ရှုဝံကြယ်ကို ရှာဖွေကြည့်လေ့ရှိကြသည်။ ရှုဝံကြယ်သည် မြောက်အရပ်၌ရှိသည်။ ရှုဝံကြယ်ရှိရာအရပ်ကို မျက်နှာမူလိုက်လျှင် နောက်ကြောဘက်၌ တောင်အရပ်မျက်နှာရှိသည်ကို သိနိုင်သည်။ ထို့နောက်လက်ယာဘက်လက်ဆန့်တန်းပါ။ လက်ချောင်းကလေးများရှိရာ ဘက်သည် အရှေ့၊ ကျန်လက်ဝဲဘက်သည် အနောက်ဖြစ်သည်။

ဤသို့ဖြင့် ရှုဝံကြယ်ဟုဆိုလျှင် ကျွန်တော်တို့သည် မြောက်အရပ်၊ မိုးကုပ်စက်ဝိုင်း၏ မြောက်ဖျားဒေသဟု သတိတရရှိကြသည်။ ပန်နန်းဒင်သည် မြန်မာနိုင်ငံတွင် (ယခုအချိန်ထိ) မြောက်ဖျား မြောက်ဘက်စွန်းမြို့ ဖြစ်လေသည်။ ပန်နန်းဒင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အရောင်အဝါသည် ရှုဝံကြယ်၏တောက်ရွှန်းသော အရောင်အဝါ အဖြစ် ကျွန်တော်တို့ တင်စားနိုင်လာသည်။

ပူတာအိုရဲ့အရှေ့မြောက်ဘက်တွင် နောင်မွန်းမြို့ရှိသည်။ မြို့နယ်အဆင့်မြို့ကြီးဖြစ်သည်။ နောင်မွန်းမြို့၏ မြောက်ဘက်(အရှေ့ယွန်းယွန်း)တွင် ပန်နန်းဒင်မြို့ရှိသည်။ ပန်နန်းဒင်မြို့သည် ကချင်ပြည်နယ် ပူတာအို ခရိုင် နောင်မွန်းမြို့နယ်တွင် ပါဝင်သည်။ **စာမျက်နှာ ၅ ကော်လံ ၁** ✳

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်

မှတ်သားဖွယ်ရာမိုးရေချိန်

၁၇-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၄၇ လက်မ
ကမ္ဘာအေး	၀ ဒသမ ၃၉ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၁၆ လက်မ

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ

အင်ဒို-ကာတာ၊ ဆော်ဒီ-တာ့ခ်မီနစ္စတန်ယနေ့ကစားမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၁၇

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် စတင်ကျင်းပနေပြီဖြစ်ရာ အုပ်စု(က)မှ အင်ဒိုနီးရှားနှင့် ကာတာအသင်းတို့ ဇူလိုင် ၁၈ ရက် (ယနေ့) ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

အုပ်စု(က)မှ အသင်းလေးသင်းရှိသည့်အနက် အင်ဒိုနီးရှားနှင့် ကာတာအသင်းတို့မှာ တရုတ်နှင့် ဘာရိန်းတို့နှင့် နှိုင်းယှဉ်လျှင် အားနည်းမှုရှိသောအသင်းများဖြစ်သော်လည်း အင်ဒိုနီးရှားအသင်းသည် အရှေ့တောင်အာရှ ထိပ်တန်းအသင်းတစ်သင်းဖြစ်ပြီး ကာတာအသင်းမှာလည်း ပင်လယ်ကွေ့ဒေသတွင် ထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ✳

မိုးနည်းဒေသများတွင် မြစ်ရေတင် စီမံကိန်းများ ပြုလုပ်နိုင်သဖြင့် စပါးမစိုက်ခဲ့ဖူးသောဒေသများ၊ ဒေသဆန်ဖူလုံပြီး စပါးစိုက်ပျိုးနိုင်ကြပြီဖြစ်ပေရာ ညောင်ဦးမြို့နယ်၊ ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးတူးမြောင်းနှင့် ရေတင်စခန်းကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း– ကိုရဲ(စိုက်ပျိုးရေး)

ဒေသဆန်ဖူလုံရေးထောက်ကူပေးမည့် ညောင်ဦးဒေသကရွှေနှံ့သာစပါးမျိုးသစ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ကိုရဲ(စိုက်ပျိုးရေး)

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီမြစ်ရေတက်ချိန်ဖြစ်သဖြင့် မြစ်ထဲမှ၊ ရေတင်စက်ရုံတင်ထားသည့် ဆိပ်ခံသမ္ဗန်သည် ကုန်းမြေနှင့်တစ်ပြေးညီရှိနေသည်။ မလှမ်းမကမ်းတွင် လောကနန္ဒာစေတီတော်ကို မြင်တွေ့ဖူးမြော်ရသည်။ မိမိတို့ရောက်ရှိနေသည်က မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးမှု၊ စပါးစိုက်ပျိုးမှုတို့ကို လေ့လာရန်ဖြစ်ပေသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁** ☆